mgyoe.com
SAMPLE BOOK



နန္ဒီလင်းသစ် (အေး - ၂)

# ၁၉၂၂

1922 STEPHEN KING

mgyoe.com

mgyoe.com SAMPLE BOOK



illustrated by mar na

၁၉၂၂ (နှီလင်းသစ် - ဆေး ၂)
9 782023 000632

တမေလောက
CW05550032
၁၉၂၂-နှီလင်းသွစ်(ဆေး
Ks - 9,000
mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်ပြိုင်အမှတ်စဉ် (၆၃)

ပုံနှိပ်မှတ်တမ်း



# နဒီလင်းသစ်၊ဆေး-၂၊

၁၉၂၂


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မာဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၉၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်ပြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်ပြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀



နဒီလင်းသစ်(ဆေး-၂)

၁၉၂၂ / နဒီလင်းသစ်၊ဆေး-၂၊ ရန်ကုန်

[illegible] စာရိပ်ပြိုင်စာပေ၊ [illegible]

စာမျက်နှာ [illegible] စင်တီ

(၆၃) နဒီလင်းသစ်(ဆေး-၂)


mgyoe.com

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | မျိုး | လွမ်းတယ်ရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | ချစ်ဦးရဲ့ ဂွင်းဂျက်ကာတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | ခဲ့မှတ်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဘေး | ဝိဇ္ဇာနှင့်အညာမလေးဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | ဂိုးတစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လှခိုင် | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | ဒုက္ခမိုလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | နေခြည်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | ထက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ဖိုးထိဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြင့် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | နှင့်လှုပ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆွေ | အိမ်တော်သုခ |
| ၁၇။ | ရွှေဥဒေါင်း | မိုမ ပုဂ္ဂိုလ်ထူး ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | ...တလန်းဆိုသူနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကဗျာစိတ် |
| ၂၀။ | လင်းရောင်နီစဘေး | ငြိမ်းမြို့ |
| ၂၁။ | [illegible] | |
| ၂၂။ | နိုင်းနိုင်းစနေ | ရာဇ္ဇဝင်နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | ဖဝါးရောင်မှတ်တမ်းကောင် |
| ၂၄။ | မျိုး | ဖယောင်းညိုမှာင် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သင်္ချိုင်းရိုက်စာ |
| ၂၆။ | နိုင်းနိုင်းစနေ | မျှော်ရှုင်ရိုးစီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် နေသနိုင်တယ် |

mgyoe.com SAMPLE BOOK


| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးမွှားရေးတက္ကသိုလ် | ဆူးပယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရွာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီဝေဘော | ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နှမ်းလျှော်ငှက်ငယ် |
| ၄၁။ | အောထူးအောင်အဇ္ဈတ္တိ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နကွတ်ကြွေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်များတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | ရှုမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း။ ရွာကလူတွေအကြောင်း၊ |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းချီရေးလို့မှ မမီ |
| ၅၄။ | ပန်းငုဝါဝါ | ကမာရွတ်အိပ်မက်… လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုခြားမြိုင် |
| ၆၁။ | သားတွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ပျိုး | အလွမ်းဖြင့် နေ့စေ |


ယခုထွက်ရှိသည့် စာရိပ်မြိုင်အမှတ်စဉ် (၆၃)
နဒီလင်းသစ်ဆေး-၂ - ၁၉၂၂

mgyoe.com

mgyoe.com SAMPLE BOOK

ဧပြီလ ၁၁ ရက် ၁၉၃၀ ပြည့်နှစ်။
မက်နိုလီယာ ဟိုတယ်။
အိုမဟာမြို့၊ နီဘရက်စကား ပြည်နယ်။

## သက်ဆိုင်သူသို့သိစေရန်

ကျုပ်နာမည် ဝီလ်ဖရက် လီလန်းဂျိမ်းစ်ပါ။ ဒီစာကတော့ ကျုပ်ရဲ့ ဖြောင့်ချက်ဖြစ်ပါတယ်။ ၁၉၂၂ ခုနှစ် ဇွန်လတုန်းက ကျုပ်ဇနီး ဖြစ်သူ အာလီလက် ခရစ္စတီးနား ဝင်းတား ဂျိမ်းစ် ကို သတ်ခဲ့ပြီး သူ့အလောင်းကို ရေတွင်းပျက်ထဲမှာ ဖွက်ထားခဲ့ပါတယ်။ ကျုပ်ရဲ့သားဖြစ်သူ ဟင်နရီ ဖရီးမင်း ဂျိမ်းစ်က ဒီကိစ္စကို ကူညီပေးခဲ့တယ် ဆိုပေမယ့် အဲဒီတုန်းက သူ့အသက်က ၁၄ နှစ်သာ ရှိသေးတာ ဖြစ်ပြီး သူ့ရဲ့ အကြောက်တရားကို အသုံးချလို့ ကျုပ်ဘက်ပါအောင် စည်းရုံးသိမ်းသွင်း ကြိုးကိုင်ခဲ့တာမို့ သူ့မှာ အပြစ်မရှိပါဘူး။ ဒီအချက်ကပဲ ကျုပ်ကျူးလွန်ခဲ့တဲ့ ပြစ်မှု ထက် နောင်တရစရာ ကောင်းတဲ့ ကိစ္စလို့ ကျုပ် တစ်သက်တာ ခံစားသွားရတဲ့ အကြောင်းကို ဒီစာထဲမှာ ပြောပြသွားပါ့မယ်။

ဒီပြစ်မှု ကျူးလွန်ဖြစ်စေခဲ့တဲ့ အကြောင်းရင်းကတော့ နီဘရက်စကားရဲ့

mgyoe.com

ဟန်းမင်းဖို့အရပ်မှာ ရှိတဲ့ မြေခံကောင်းပြီး ဧက ၁၀၀ ကျော် လယ်မြေကနေ စဖြစ်ကြတာပါပဲ။ ဒီမြေတွေက ကျုပ်ဇနီးကို သူ့အဖေ ကျုပ်ယောက္ခထီး ဖြစ်သူ ဂျွန်ဟင်နရီဝင်းတားက အမွေပေးခဲ့တာပါ။ ကျုပ်သဘောကတော့ ၁၉၂၂ ဝန်းကျင်တုန်းက ကျုပ် ထွန်ယက်စိုက်ပျိုးနိုင်လို့ ထပ်ရထားတဲ့ ဧက ၈၀ ကျော်နဲ့ ထပ်ပေါင်းချင်ပါတယ်။ ကျုပ်ဇနီးကတော့ ဘယ်တုန်းကမှ လယ်သမားဘဝကို မကြိုက်ခဲ့တဲ့အတွက် ဖာရင်တန် ကုမ္ပဏီကို ရောင်းချချင်နေခဲ့ပါတယ်။ ကျုပ်က သူ့ကို ဖာရင်တန် ကုမ္ပဏီကို ရောင်းရင် ဘာတွေကို အောက်စျေးနဲ့ ရောင်းမလဲလို့ မေးတဲ့အခါမှာတော့ သူက သူ့အဘိုး၊ အဖေတွေ ပိုင်ခဲ့တဲ့ လယ်တွေအပြင် ကျုပ်တို့ လက်ထက်ပွားတွေကိုပါ ရောင်းချ ချင်နေပါတယ်။ ဒါနဲ့ ကျုပ်က ဒီလယ်တွေ ရောင်းပြီးတဲ့အခါ လယ်မရှိဘဲ ပိုက်ဆံတွေကိုင်ထားပြီး ဘာဆက်လုပ်ကြမလဲလို့ မေးတော့ အိုမဟာကို ဖြစ်ဖြစ်၊ စိန့်လူဝီမြို့ကို ဖြစ်ဖြစ် ပြောင်းပြီး ဆိုင်လေးတစ်ဆိုင် ဖွင့်မယ်လို့ ပြောပါတယ်။

"ကျုပ်ဘယ်တော့မှ အိုမဟာမြို့မှာ မနေဘူး။ မြို့ပြဆိုတာ အရှူးတွေအတွက်ပဲ" လို့ ပြောလိုက်တယ်။

ခု ဒီစာကို ရေးနေတဲ့အချိန်မှာ ဒီအတွေးကို ပြန်တွေးမိနေတာ တကယ်တော့ ရှုးနှမ်းတယ်ပဲ ပြောမလားတော့ မသိပါဘူး။ ဒါပေမဲ့ နံရံထဲက ကျုပ်ကြားနေကျ အသံတွေက ဘယ်က လာနေတာလည်း ဆိုတာကို ကျုပ်သိနေပါပြီ။ ပြီးတော့ ကျုပ်သေဆုံးပြီးတဲ့ အချိန်ကျရင် ဘယ်ကိုရောက်မလဲဆိုတာလည်း ကျုပ် မျှော်လင့်ပြီးသားပါ။ ငရဲဆိုတာက ဒီ အိုမဟာမြို့ထက် ဆိုးလေမလားလို့ ကျုပ်တွေးနေမိတယ်။ ဒါမှမဟုတ်ရင်လည်း ကျုပ်လိုမျိုး ရှင်သန်မှုပျောက်ဆုံးနေတဲ့ လူသားတွေနဲ့ ပြည့်နှက်နေပြီး သာတောင့်သာယာ တောလမ်းကလေး မရှိတဲ့ အိုမဟာမြို့ပြကြီး ဆိုတာကိုက လောကငရဲပဲလား။

ကျုပ်တို့ လင်မယားနှစ်ယောက် ဒီလယ်ဧက ၁၀၀ ကိုစွဲနဲ့ပဲ ဆောင်းတွင်းရော နွေဦးကာလတွေမှာပါ အကြိမ်ကြိမ် စကားများခဲ့ရတယ်။ စကားများ ရန်ဖြစ်တိုင်းလည်း ဟင်နရီက ကြားညပ်တာပေါ့။ ကောင်လေးက အမေတူပေမယ့် ဒီမြေကို ချစ်တဲ့နေရာမှာတော့ ကျုပ်သွေး တစ်စက်မှ မလျော့ဘူးဗျ။ ကျုပ် သူ့အမေနဲ့ စကားများတိုင်း သူက ကျုပ်ဘက်က ပါလေ့ရှိတယ်။ တစ်စထက်တစ်စ သူကလည်း အိုမဟာကို ပြောင်းမနေချင်ကြောင်း၊ အကယ်လို့များ ပြောင်းနေခဲ့ရင်လည်း အားလုံး သဘောတူမှ ပြောင်းနေမယ်ဆိုတာကို သူ့အမေကို ပြန်ခံပြောစ ပြုလာခဲ့တယ်။

ဥပဒေကြောင်းအရဆိုရင်တော့ လယ်ယာမြေကို ဘာလုပ်စားမလဲဆိုတဲ့

mgyoe.com

mgyee.com

ဆုံးဖြတ်ချက်ကို ချနိုင်တဲ့ လင်ယောက်ျားရဲ့ ဆုံးဖြတ်ချက်ကသာ အားသာမယ်လို့ ကျုပ်ကတော့ ယုံကြည်တယ်ဗျ။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ မတင်မကျ ဖြစ်နေတာ တစ်ခုရှိနေတယ်။ အိမ်နီးချင်းတွေရဲ့ အတင်းစကားတွေကို ကျုပ်က ယုံလည်း မယုံသလို ဂရုလည်း စိုက်လေ့မရှိပါဘူး။ အဲဒီကိစ္စက တခြားဟာပါ။ ကျုပ်က ကျုပ်ဇနီးသည်ကို မုန်းလာပြီး သူ့ကို သေစေချင်လာတယ်။ မတင်မကျ ဖြစ်နေတယ်ဆိုတာ အဲဒီကိစ္စကို ပြောတာ။

လူတိုင်းလူတိုင်းရဲ့ စိတ်တွင်းမှာ ဆုံးယုတ်တဲ့ လူတစ်ယောက်၊ လူစိမ်းတစ်ယောက် ရှိနေတယ်လို့ ကျုပ်တော့ ယုံကြည်ထားတယ်။ ၁၉၂၂ မတ်လရဲ့ မြူတွေ ဆိုင်းနေတဲ့ နေ့တစ်နေ့မှာ လယ်သမား ဝီလ်ဖရက်ဂျိမ်းစ်ရဲ့ ကိုယ်ထဲက ကိုလူစိမ်းရဲ့လက်ထဲကို ကျုပ်ဇနီးသည်ရဲ့ ကံကြမ္မာကို ကျုပ် ဝကွက် အပ်လိုက်မိတော့တာပဲ။ အဲဒီအချိန်ကစလို့ ကျုပ်တို့ရဲ့ဘဝကို အရိပ်မည်းကြီးက အုပ်မိုးထားတော့တာပါပဲ။ ကျမ်းစာထဲမှာ ဆိုထားတယ် မဟုတ်လား။ "ကျေးစွပ်သော ကလေးငယ်သည် မြွေစွယ်နှင့်တူပြီး ကျေးစွပ်သော ဇနီးသည် ထိုအစွယ်ထက်ပင် များစွာထက်သည်" တဲ့။

ကျုပ်က မကောင်းဆိုးဝါးတစ်ကောင် မဟုတ်ပါဘူး။ ကျုပ်က ကိုလူစိမ်းရဲ့ လက်ထဲကနေ သူ့ကို ကယ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကျုပ်တို့ သဘောတူ မဆုံးဖြတ်နိုင်သေးရင် ဒီနေရာကနေ အနောက်ဘက် မိုင်ခြောက်ဆယ်လောက်မှာ ရှိတဲ့ သူ့အမေရှိတဲ့ လင်ကွန်းမြို့ကို ခဏလောက်သွားနေပြီး စိတ်ငြိမ်သွားအောင် လုပ်ဖို့။ ကွာရှင်းပြတ်ဆဲဖို့ ဆိုတာထက် ကိစ္စအားလုံးကို ခေါင်းအေးအေးထား စဉ်းစားလို့ရအောင် ခဏတဖြုတ် ခွဲနေကြဖို့ပေါ့။

"ဒါဆို ကျွန်မက ရှင့်ကို ကျွန်မအဖေရဲ့ လယ်တွေကို အပ်ခဲ့ရမယ်ပေါ့"

သူက ခေါင်းကို ဆတ်ခနဲ ခါပြီး မေးလိုက်တယ်။ အဲဒီလို ခေါင်းခါလိုက်တဲ့ အမူအရာက အရွယ်မရောက်သေးတဲ့ မြင်းမလေးရဲ့ဖင်က အမြီးကို ခါရမ်းလိုက်သလိုမျိုး ကျုပ်အရမ်းအမြင်ကပ်တဲ့ အမူအရာမျိုးပေါ့။ ပြီးရင် နှာမှုတ်သံက အမြဲတမ်း ကပ်ပါလာတတ်သေးတာမျိုး။

"ဘယ်တော့မှ ဒါမျိုးတော့ မရဘူး ဝီလ်"

တကယ်တမ်းက သူ ပိုက်ဆံ သိပ်လိုချင်နေတယ်ဆိုလည်း ကျုပ်က အဲဒီ မြေကို ဝယ်ဖို့ အသင့်ပါပဲ။ ဒါပေမဲ့ ရှစ်နှစ် သို့မဟုတ် ဆယ်နှစ်လောက်တော့ ခွဲပြီး ငွေချေ ရမှာပေါ့ဗျာ။ တစ်ပြားမှ အကြွေး မကျန်အောင် ပေးမှာပါ။

mgyee.com

"ပိုက်ဆံခေါင်းကွဲတယ်ဆိုတာ လုံးဝမရတာထက်တောင်မှ ဆိုးသေး။ အဲဒါ မိန်းမတိုင်းသိတဲ့ကိစ္စ။ ဖာရင်တန် ကုမ္ပဏီက တစ်လုံးတစ်ခဲတည်းပေးမှာ။ သူတို့ ပေးတဲ့ အနည်းဆုံးဈေးဆိုတာတောင် ရှင်ပေးနိုင်တဲ့ဈေးထက် အများကြီးများတယ်။ ပြီးတော့ ကျွန်မက လင်ကွန်းမှာ မနေနိုင်ပါဘူး။ အဲဒါက ဘုရားကျောင်းက လူနေအိမ်ထက်များနေတဲ့ ရွာအကြီးစား သာသာပဲ ရှိတာပဲဟာ"

ဒီလောက်ဆို မိတ်ဆွေလည်း ကျုပ်အခြေအနေကို မြင်လောက်ပြီ ထင်တာပဲ။ သူက ကျုပ်ကို အတင်းမောင်းသွင်းနေတဲ့ အခြေအနေကို ရိပ်စားလာမိလောက်ပြီ ထင်ပါတယ်။ ခင်ဗျား ကျုပ်ကို သနားဖို့ မလိုပါဘူး။ နည်းနည်းလေး ကိုယ်ချင်းစာနိုင်ရင်ကို ကျေနပ်ပါပြီ။ ခုထိ သဘောမပေါက်သေးဘူးလား။ ဒါဆိုလည်း ဆက်ဖတ်ကြည့်ပါဦး။

ကျုပ်မှတ်မိသလောက်ဆိုရင်တော့ လွန်ခဲ့တဲ့ရှစ်နှစ်လောက်က ဒီလို အချိန်၊ ဧပြီလဆန်းပိုင်း ဖြစ်မယ် ထင်ပါရဲ့။ သူက ကျုပ်ဆီကို ပျော်ရွှင်ပြီး ရောက်လာတယ်။ တစ်နေကုန် မက်ကွပ်ဆိုတဲ့ အလှပြင်ဆိုင်မှာသွားပြီး အချိန်ဖြုန်းနေရာက ပြန်လာတာပေါ့။ ကောက်ထားတဲ့ လှိုင်းတွန့်အခွေအလိပ်ကြီးနဲ့ ဆံပင်တွေက ပါးပေါ်မှာ ဝဲကျလို့။ ကျုပ်ကတော့ အဲဒီလို ဆံပင်မျိုး မြင်ရင် ဟိုတယ်တွေ အင်းတွေမှာ ထားတဲ့ အိမ်သာသုံး စက္ကူလိပ်ကြီးတွေကို ပြေးမြင်မိတာပါပဲ။ သူက အကြံတစ်ခု ရတယ်တဲ့။ ကျုပ်တို့ရဲ့ မြေတွေအားလုံးကို ဖာရင်တန် အုပ်စုကို ရောင်းလိုက်ကြမယ်။ သူ့အဖေပိုင်တဲ့ မြေရော ကျုပ်တို့ လက်ထက်ပွားရောကို ဖာရင်တန် အုပ်စုက ဝယ်လိမ့်မယ်လို့ ထင်နေပုံရတယ်။ သူ့အဖေပိုင်တဲ့လယ်ကွက်က ရထားလမ်းနဲ့ နီးတော့ သေချာပေါက်ကို ဝယ်မှာပဲလို့ ပြောလာတယ်။

"ပြီးတော့. . ." အဲဒီ မြေခွေးမက ဆက်ပြောတယ်လေ။

"ကျွန်မတို့ ပိုက်ဆံခွဲဝေယူကြမယ်။ ပြီးတော့ လမ်းခွဲပြီး ကိုယ့်လမ်းကိုယ် လျှောက်ကြတာပေ့ါ။ ရှင်က ဒါကိုပဲ လိုချင်နေတယ်ဆိုတာ ကျွန်မတို့နှစ်ယောက်လုံး သိနေတာပဲဟာ" သူမကတော့ မလိုချင်တဲ့အတိုင်း။

ကျုပ်က အလေးအနက် စဉ်းစားနေတဲ့ လေသံနဲ့ ပြန်ပြောလိုက်တယ်။

"ကဲ. . . အဲဒါဆိုရင် ကောင်လေးက ဘယ်သူ့နဲ့ နေမှာလဲ"

သူက မျက်လုံးကြီးပြူးပြီး ကမန်းကတန်း ပြောတော့တာပါပဲ။

"ကျွန်မနဲ့ လိုက်နေရမှာပေ့ါရှင့်။ ဆယ့်လေးနှစ်သား ကောင်လေးတစ်ယောက်က အမေ့အုပ်ထိန်းမှုအောက်မှာ ရှိရမှာပေ့ါ"

mgyoe.com

mgyoe.com SAMPLE BOOK

ဒါနဲ့ပဲ ကျုပ်လည်း ကျုပ်သားကို ကျုံးသွင်းတော့တာပေါ့။ သူ့ကို သူ့အမေရဲ့ ဆုံးဖြတ်ချက်အကြောင်း ပြောပြလိုက်တယ်။ နှစ်ယောက်သား ကောက်ရိုးပုံပေါ် မှာ ထိုင်နေကြတယ်။ ကျုပ်က မျက်နှာကို ဝမ်းနည်းနေတဲ့ပုံဖြစ်အောင် လုပ်ထားပြီး အသံကိုလည်း ဝမ်းနည်းလွန်းလို့ စကားတောင် ကောင်းကောင်း မပြောနိုင်တဲ့ပုံ ဖြစ်အောင် လုပ်ထားလိုက်တယ်။ ပြီးတော့ သူ့အမေရဲ့ အကြံအတိုင်းသာ အကောင် အထည်ဖော်ဖြစ်ရင် သူ့ဘဝကြီး ဘယ်လိုဖြစ်သွားမယ်ဆိုတာကို ပြောပြတာပေါ့။ လယ်မြေတွေတင်မက အဖေကိုပါ ဆုံးရှုံးမယ်ဆိုတဲ့အကြောင်း၊ အမေ့နောက် လိုက်သွားမယ်ဆိုရင် ငယ်ငယ်ကတည်းက လည်ပင်းဖက် ပေါင်းသင်းနေတဲ့ သူငယ် ချင်းတွေကို ထားပြီး မြို့ကျောင်းကို ပြောင်းရမယ် ဆိုတဲ့အကြောင်း၊ ကျောင်းက ပိုကောင်းသွားပေမယ့် ကိုယ့်ကို မသိတဲ့ လူစိမ်းတွေရဲ့ကြားထဲမှာ နေရာတစ်နေရာ ရဖို့အတွက် ပြင်းပြင်းထန်ထန် ပြိုင်ဆိုင်ရမယ်ဆိုတဲ့ အကြောင်း၊ အကြောင်းမသိတဲ့ သူတွေက လယ်သမား တောသားလို့ ခေါ်ပြီး လှောင်ပြောင်ခံရနိုင်တယ် ဆိုတဲ့ အကြောင်းတွေ ပြောပြနေမိတယ်။ တစ်ဖက်ကလည်း ဒီလယ်မြေကိုသာ ကြိုးကြိုး စားစား ဆက်လုပ်မယ်ဆိုရင် ၁၉၂၅ မတိုင်မီမှာ အကြွေးတွေ အကုန်ကြေမယ့်အပြင် နေဝင်နေထွက် စာကလေးသိုက်လို ကျဉ်းကျဉ်းကျပ်ကျပ်ထဲမှာ နေစရာမလိုဘဲ လွတ်လပ်တဲ့ လေကိုရှူပြီး နေလို့ရမှာ ဖြစ်ကြောင်းတွေကို ကျုပ်ပြောပြလိုက်တယ်။ အသေးစိတ်နိုင်သမျှ စိတ်အောင် ခြယ်မှုန်းပြောဆိုပြီးတဲ့နောက် "မင်းဘာကို လိုချင်လဲ" လို့ ကျုပ်က သူ့ကို မေးလိုက်တယ်။

"ကျုပ်အဖေနဲ့ပဲ နေမယ်ဗျာ" သူက ပြန်ပြောတော့ မျက်လုံးထဲမှာ မျက်ရည်တွေက ဝဲလို့။ "ဘာလို့များ အမေက အဲဒီလိုမျိုး. . . အဲဒီလိုမျိုး. . . "

"ပြောချလိုက်စမ်းပါ။ အမှန်တရားကို ပြောတာက ငရဲမကြီးပါဘူး ငါ့သားရဲ့" ကျုပ်က ပြောလိုက်တယ်။

"အကျင့်ယုတ်ရတာလဲဗျာ"

"မိန်းမတွေ အားလုံးနီးပါးက ဒီအတိုင်းပဲကွ။ သူတို့ရဲ့ မွေးရာပါ စရိုက် လို့ပဲ ခေါ်မလား မသိဘူး။ ပြဿနာက အဲဒါကို ဘယ်လို ကိုင်တွယ်မလဲ ဆိုတာပဲ"

ဒါပေမဲ့ ကျုပ်ကိုယ်တွင်းက ကိုလူစိမ်းက နွားတင်းကုပ်နောက်ဘက်က ရေတွင်းပျက်ကို စဉ်းစားထားပြီးနေပြီ။ ပေ ၂၀ လောက်ပဲ နက်ပြီး ရေလွှဲမြောင်း သာသာပဲရှိလို့ ကျုပ်တို့က အညစ်အကြေးသွန်တဲ့ တွင်းအဖြစ်သုံးနေတဲ့ ရေတွင်း ပျက်တစ်ခုပေါ့။ တစ်ခုပဲ။ သူ့ကိုပါ ဒီကိစ္စထဲ ဆွဲထည့်မလားဆိုတာပေါ့။ တကယ်တမ်း

mgyoe.com
SAMPLE BOOK


ကတော့ လိုတယ်ဗျ။ ဟုတ်တယ်။ ခင်ဗျားစဉ်းစားနေတဲ့အတိုင်းပဲ။ ကျုပ်က ကျုပ်ဇနီးကို သတ်ချင်ပေမယ့် ကျုပ်သားကိုတော့ ကျုပ်ရဲ့. . . သားကိုတော့ ကျုပ်မသတ်ရက်ဘူးဗျ။ ကျုပ်ပိုင်ဆိုင်လာမယ့် လယ်ဧက ၁၈၀ ဒါမှမဟုတ်လည်း ဧကထောင်ချီကို ဘယ်သူက ကူလုပ်ပေးမှာလဲ။ ဘယ်သူက အမွေ ဆက်ခံမလဲ။

ကျုပ်က အာတီလက်ရဲ့ အထွက်ကောင်းတဲ့ ပြောင်းခင်းကြီးကို သားသတ်စက်ရုံအဖြစ် ပြောင်းပစ်မယ့် ဖာရင်တန်ကုမ္ပဏီရဲ့ ရှူးကြောင်ကြောင် အစီအစဉ်ကို စဉ်းစားပေးချင်ယောင် ဆောင်နေလိုက်တယ်။ ကျုပ်က သူ့ဆီကနေ စဉ်းစားပေးဖို့ အချိန်နည်းနည်းပေးပါလို့ ပြောထားလိုက်တယ်။ သူကလည်း သဘောတူတယ်လေ။ ဒီလိုနဲ့ပဲ နောက်ထပ်နှစ်လလောက်အတွင်းမှာ ကျုပ်သားကို ကျုပ်က စည်းရုံးရတော့တာပေါ့။ လုံးဝမတူတဲ့ အတွေးအခေါ် မျိုး ဖြစ်လာအောင် လုပ်ယူရတော့တာ။ ဒီကိစ္စက ထင်သလောက်တော့လည်း မခက်ခဲလှပါဘူး။ သူက သူ့အမေလို ပျော့ဖတ်ဖတ် ရုပ်ပေါက်ပေမယ့် သူ့အမေရဲ့ ခေါင်းမာတတ်တဲ့ ဉာဉ်တော့ ပါမလာခဲ့ဘူးလေ။ အိုမဟာ သို့မဟုတ် စိန့်လူဝီကို ရောက်သွားရင် ဖြစ်သွားမယ့် သူ့ဘဝကို ကွက်ကွက်ကွင်းကွင်း မြင်အောင် ပြောပြလိုက်ရုံနဲ့ အလုပ်ဖြစ်သွားပါတယ်။ သူ့အမေထင်ထားသလိုမျိုး ပုရွက်ဆိတ်အုံလို လူထူထူထဲမှာ နေသားမကျတဲ့ အခါမှာ သူ့အမေလည်း ဘဝင်မကျခဲ့ရင် ဘာလုပ်ကြမလဲ။ နောက်ဆုံးတော့ ချီကာဂိုကို ပြောင်းကြရမှာပဲ။ "အဲဒီကျရင် မင်းလည်း အထက်တန်းကျောင်းကို ငမဲကောင်တွေနဲ့ အတူတူတက်နေရမှာ" ကျုပ်က သူ့ကို ပြောပြလိုက်တယ်။

ကျုပ်ရဲ့ ကြိုးပမ်းမှုက အောင်မြင်တယ်ဆိုရမယ်။ အကြိမ်ရေ အနည်းငယ်အတွင်းမှာပဲ ကောင်လေးက သူ့အမေအပေါ် အေးစက်စက် ဖြစ်လာတယ်။ သူ့အမေကလည်း ထပ်တူ တုံ့ပြန်တယ်လေ။ ကျုပ် (ဒါမှမဟုတ် အတွင်းက ကိုလူစိမ်း)ကလည်း ဒါကို ကျိတ်ပျော်နေတာပေါ့။ ဇွန်လဆန်းလောက်မှာတော့ ကျုပ်က အသေအချာ အချိန်ယူ စဉ်းစားပြီးပြီဖြစ်တဲ့အတွက် ကျုပ်ဇနီးကို သူ့သဘောကျ ဒီမြေတွေကို ရောင်းဖို့ ခွင့်မပြုနိုင်ကြောင်း၊ ဒီလိုလုပ်ရင် ကျုပ်တို့ တစ်မိသားစုလုံး ဆင်းရဲတွင်းထဲ ခုန်ဆင်းသလို ဖြစ်နေမှာဖြစ်တဲ့အကြောင်းတွေကို ပြောပြလိုက်တယ်။

သူကတော့ ခပ်အေးအေးပါပဲ။ သူ့ကိုယ်ပိုင် ရှေ့နေနဲ့ တိုင်ပင်လိုက်ဦးမယ်တဲ့။ (ရှေ့နေဆိုတာ ပိုက်ဆံပေးရင် ကိုယ်ပိုင် တိုင်ပင်လို့ရနေတာပဲဟာ)။ ဒီအကြောင်းတွေ ကျုပ်က ကြိုတွက်ပြီးသား။ ဒါကြောင့် ပြုံးပြီးတော့ပဲ နေလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ရှေ့နေခ ပေးနိုင်လောက်တဲ့ ပိုက်ဆံမရှိဘူး ဆိုတာ

mgyoe.com

mgyoe.com

ကျုပ် သိနေလို့ပဲ။ အဲဒီတုန်းက ကျုပ်တို့ ရှိသမျှငွေကို ကျုပ်လက်ထဲမှာ ကျစ်ကျစ်ပါအောင် စုထားပြီးသား။ ဟင်နရီကတောင် သူ့စုဗူးလေး သူ့အမေလာတောင်းမှာ စိုးလို့ ကျုပ်က တောင်းတဲ့အခါ ကျုပ်လက်ထဲ လာအပ်ထားရှာတယ်။ သူကတော့ ဒီလန်းမြို့မှာ ရှိတဲ့ ဖာရင်တန် ရုံးချုပ်ကို သွားမှာ သေချာကို ပြောရဲတယ်။ ပေးရမယ့် ရှေ့နေခကို ပေးနိုင်အောင် မြိုးမြိုးမြက်မြက်ကလေး ပေးပြီး မြေတွေကို ဝယ်မယ့် ဒီကုမ္ပဏီကိုပဲ ပြေးအားကိုးမယ်ဆိုတာ အသိသာကြီးရယ်။

"သူတို့က ကူမှာပဲ။ အဲဒီအခါကျ မင်းအမေက နိုင်သွားမှာပဲ"

ကျုပ်က ကျုပ်တို့ရဲ့ စကားပြောနေကျ ကောက်ရိုးပုံကြီးပေါ်မှာ ထိုင်ရင်း ဟင်နရီကို ပြောပြလိုက်တယ်။ ဒါတွေအားလုံးကို ကျုပ်သေချာ မသိပေမယ့် ဆုံးဖြတ်ချက်က ချပြီးနေပြီ။ ကိစ္စတုံးဖြစ်ဖို့ သိပ်မလိုတော့ဘူး။

"ဒါပေမဲ့ အဖေရာ. . . ဒါ မတရားရာမျှား ကျနေမလား"

သူက ပြောပြီး ငိုတယ်။ သူ့ကြည့်ရတာ ဆယ့်လေးနှစ်သားဆိုတာထက် ဆယ်နှစ်သားလောက်ပဲ ထင်ရတယ်။

"ဘဝဆိုတာ ဘယ်တုန်းကမှ တရားမျှတမှု မရှိဘူးကွ။ တစ်ခါတလေ ကျရင် ကိုယ်ရသင့်တယ်ထင်တဲ့ဟာကို ဘယ်သူဘာဖြစ်ဖြစ် ဂရုမစိုက်ဘဲ ရအောင် ယူရတယ် ငါ့သားရဲ့"

ကျုပ်က ပြောရင်း ခဏရပ်ပြီး ကျုပ်သားမျက်နှာကို အကဲခတ်လိုက်တယ်။

"ဘယ်သူ သေသေပေါ့"

သူ့မျက်နှာက ဖြူဖွေးသွားတယ်။

"အဖေ. . ."

"သူသာ မရှိတော့ရင် အားလုံး အေးဆေးဖြစ်သွားမှာကွ။ ရန်ပွဲတွေလည်း မဖြစ်တော့ဘူး။ အဖေတို့ ဒီမြေမှာ နားအေး ပါးအေး နေလို့ရပြီ။ အဖေသူ့ကို တတ်နိုင်သမျှ အားလုံး ပေးကြည့်ပြီးပြီ။ ဒါပေမဲ့ ဒါလည်း မင်းအမေက မကျေနပ်နိုင်သေးဘူးလေ။ နောက်ထပ် အဖေလုပ်နိုင်တာ တစ်ခုပဲ ရှိတော့တယ်။ တို့ အတူတူလုပ်မှ ရမယ်"

"ဒါပေမဲ့ အမေ့ကို ကျုပ်ချစ်တယ်ဗျ"

"အဖေလည်း ချစ်တာပါပဲကွာ"

ကျုပ်ပြောတာကို ခင်ဗျားအနေနဲ့ ယုံချင်မှ ယုံလိမ့်မယ်။ ကျုပ်သိပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမဲ့ တကယ်ပါ။ ၁၉၂၂ ကနေ စပြီး ကြီးထွားလာတဲ့ အမုန်းတရားနဲ့ ယှဉ်ရင် ယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲမှာ ဖူးပွင့်လာတဲ့ အချစ်က သေးနုတ်သွားတယ်လို့ ခံစားရတယ်။ ပြီးတော့ အာတီလက်က သဘာဝကျတဲ့ အမျိုးသမီးတစ်ယောက် ဆိုတော့ ဒီကိစ္စက ပိုပြီး ခါးသီးလာတဲ့အပြင် အကြံအစည်ကလည်း ပိုပြီး ပုံရိပ်ပေါ် လာခဲ့တယ်။ ကျုပ်တို့နှစ်ယောက် လယ်ဧက ၁၀၀ ကိစ္စနဲ့ စကားများ ရန်ဖြစ်နေပေမယ့်လည်း ကျုပ်တို့ရဲ့ လင်ခန်းမယားခန်းကတော့ ပြတ်တယ်ရယ်လို့ မရှိခဲ့ပါဘူး။ ညအမှောင်ထဲက ကိစ္စတွေက တိရစ္ဆာန်တွေလိုမျိုး အရိုင်း ပိုဆန်လာကြတယ်။

"မနာစေရဘူး. . . ကိစ္စပြီးသွားရင်. . ."

ကျုပ်က သူ့ကို နွားတင်းကုပ် အနောက်ဘက်က ရေတွင်းကို ခေါ်သွားပြတော့ သူက ကြုံကြုံပါအောင် ငိုတော့တာပဲ။

"မလုပ်ပါနဲ့ အဖေရာ. . . ဘာပဲဖြစ်ဖြစ် မလုပ်ပါနဲ့ဗျာ"

ဒါပေမဲ့ သူ ဒီလမ်းကနေ ပြန်လာတဲ့နေ့တုန်းက (ကျုပ်တို့ရဲ့ အနီးဆုံး အိမ်နီးချင်းဖြစ်တဲ့ ဟာလင်ကော့တရီးက သူ့ရဲ့ ဖို့ဒ်ကားနဲ့ ကျုပ်ဇနီးကို လမ်းကြုံ တင်ခေါ်လာပြီး အိမ်နဲ့အနီးဆုံးမှာ ချပေးခဲ့တော့ သူ့အနေနဲ့ နှစ်မိုင်ခရီးလောက်ပဲ လမ်းလျှောက်စရာ လိုတော့တယ်) ဟင်နရီက သူ့ကို "အမေ ထွက်သွားစမ်းပါဗျာ။ ဒါမှလည်း သားတို့ သားအဖလည်း အေးအေးချမ်းချမ်း နေရမှာ" လို့ ပြောလိုက်တော့ သူက ဒေါသတအား ထွက်ပြီး မျက်နှာကို ဖြတ်ရိုက်လိုက်တယ်။ ပြီးတော့ ပါးစပ်ကလည်း ခွေးကောင် ဆိုတာက အစချီလို့ တဗျစ်တောက်တောက်တွေ ဆဲဆိုရေရွတ်နေတော့တာပါပဲ။

"နင့်အဖေက နင့်ကို သူ့ရဲ့ သူရဲဘောကြောင်တဲ့ စိတ်ဓာတ်တွေနဲ့ မှိုင်းတိုက်ထားလိုက်ပြီပေါ့။ ပိုဆိုးတာက သူက နင့်ကို သူ့လောဘတွေပါ သွင်းပေးထားတာပဲ"

သူပြောတာလည်း မှန်ပါတယ်လေ။

"ရှေ့နေက ပြောလိုက်တယ်။ ဒီမြေတွေက ငါ့မြေတွေ၊ ငါပိုင်တာ။ ငါလုပ်ချင်တာကို လုပ်ပိုင်ခွင့်ရှိတယ်လို့ ပြောလိုက်တယ်။ အဲဒီတော့ ငါရောင်းမယ်။ နင်တို့နှစ်ယောက်က ဒီမှာပဲ ထိုင်ကျန်ခဲ့ပြီး ပြောင်းခင်းမီးရှို့တဲ့ အနံ့ကို ထိုင်ရှူ ကိုယ့်အစားအသောက် ကိုယ်ချက်ပြီး စား၊ ကိုယ့်အိပ်ရာကိုယ်သိမ်း။ အေး. . . ငါ့သားဖြစ်တဲ့ နင်ကတော့ သူ့ရဲ့ မပြီးဆုံးနိုင်တဲ့ စာအုပ်တော်ကြီး ဖတ်နေတာကို ဘေးနားကနေ ထိုင်ကြည့်နေရစ်ပေါ့။ အဲဒီစာအုပ်က သူ့ဘဝကို ဘာမှ မတိုးတက်စေခဲ့ဘူးလေ။ နင့်အလှည့်ကျတော့ ပိုကောင်းချင် ကောင်းလာမှာပေါ့။ ဘယ်သူ

mgyoe.com

mgyoe.com
SAMPLE BOOK


သိမလဲ"

"အမေ. . . အဲဒါ မတရားဘူးဗျာ"

သူက သားဖြစ်သူကို ကြည့်နေတဲ့အကြည့်က လုံးဝမသိတဲ့ သူစိမ်းတစ်ယောက်က သူ့အသားကို လာထိမှာစိုးလို့ ရွံ့ရှာပြီး စိုက်ကြည့်နေတဲ့ အကြည့်မျိုး။ သားဖြစ်သူကလည်း သူ့ကို အဲဒီလို အေးစက်စက် ပြန်ကြည့်နေတာကို တွေ့တော့ ကျုပ်စိတ်ထဲ အပျော်တွေ လှိုက်တက်လာတာများ ဆိုတာ ပြောမပြတတ်အောင်ပါပဲ။

"နင်တို့ နှစ်ယောက်လုံး ငရဲပြည်ကို သွားနေကြ။ ငါကတော့ အိုမဟာကို ပြောင်းမယ်။ အဲဒီမှာ အထည်ဆိုင်ဖွင့်မယ်။ ငါ့ရဲ့ တရားမျှတမှုဆိုတာ ဒါပဲဟဲ့"

အဲဒီရန်ပွဲက အိမ်အဝင်တံခါးနဲ့ နွားတင်းကုပ်ကြားမှာ ဖြစ်ခဲ့တာဖြစ်ပြီး တရားမျှတမှု ဆိုတဲ့စကားလုံးကတော့ သူပြောခဲ့တဲ့ နောက်ဆုံးစကားလုံးပါ။ ပြောပြီးတာနဲ့ မြို့ပေါ်သွားတဲ့ အကောင်းဆုံး ရှူးဖိနပ်ကို ဆောင့်နင်းထွက်သွားပြီး အိမ်ပေါ်တက် တံခါးဆောင့်ပိတ်သွားပါတော့တယ်။ ဟင်နရီက ကျုပ်ကို လှည့်ကြည့်တယ်။ သူ့နှုတ်ခမ်းအစွန်းမှ သွေးစလေးတွေ ရှိနေပြီး အောက်နှုတ်ခမ်းက ရောင်နေတယ်။ သူ့မျက်ဝန်းထဲက ဒေါသတွေကတော့ ငယ်ရွယ်သူတွေမှာသာ တွေ့ရလေ့ရှိတဲ့ အလျှံ တညီးညီးတောက်နေတဲ့ မီးလျှံလိုမျိုး။ အကျိုးအပြစ်ကို ထည့်မတွက်တော့တဲ့ ဒေါသမျိုးပေါ့။ သူက ကျုပ်ကို ခေါင်းညိတ်ပြလို့ ကျုပ်ကလည်း သူ့ကို မသိမသာ ခေါင်းပြန်ညိတ်ပြလိုက်တယ်။ ကျုပ်ကိုယ်တွင်းက ကိုလူစိမ်းကတော့ ဝမ်းသာအားရ သွားဖြဲ ပြုံးနေလေရဲ့။

ဒီရိုက်ချက်တစ်ချက်ကပဲ သူ့သေမင်းကို သူကိုယ်တိုင် ဖိတ်ခေါ်ခဲ့တာပေါ့။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

[illegible]

နှစ်ရက်လောက်ကြာတော့ ဖွင့်နရီက [illegible]

[illegible] လိုက်လွှတ်တယ်။ [illegible] ရတာ။ စိတ်ပျော်သွားမြန်ပြီ။ ကျုပ်တို့ [illegible] ကို အပြစ်

မထင်ပါဘူး။ [illegible] လူကြီး [illegible] အချိန် [illegible] အကြောင်း ဖြစ်တာတွေ

[illegible]

တွေတောင် ရှိနေသေးတာပဲ မဟုတ်လား။

ကျုပ်တို့ [illegible] ဘူး [illegible] နေတာ။ ပြီးတော့ ရှန်နွန်တို့ မိသားစုက ပြောဖူးတယ်။ လူတွေက မှားတဲ့စိတ်ကြီးနဲ့ သျှော့ရှုန်း ငရဲရောက်သွားရောတဲ့ဗျ"

လခွီးတဲ့မှပဲ။ မက်သဒစ်ကျောင်းတွေနဲ့တော့ ဒုက္ခပဲ။ ကျုပ်က အဲဒီလို တွေးပေမယ့် ကိုလူစိမ်းကတော့ ပြုံးရုံပြုံးသဗျ။ နောက်ဆယ်မိနစ်လောက်ကြာတော့ ကျုပ်တို့ သားအဖနှစ်ယောက်သား ပြောင်းပင်စိမ်းစိမ်းတွေကြားမှာ ဘာသာရေး အဆုံးအမတွေ အကြောင်းကို ပြောဖြစ်နေကြပြန်ရော။ ကောင်းကင်ပေါ်မှာတော့ နွေရာသီရဲ့ တိမ်သားထုက ကျုပ်တို့ခေါင်းပေါ်ကနေ အရိပ်ဆိုးကြီးတွေလို ဖြတ်သန်းသွားကြတယ်။ ကျုပ်က သူ့ကို ရှင်းပြရတယ်။ အာတီလက်က ငရဲကို မရောက်ဘဲ ကောင်းကင်ဘုံကို ရောက်သွားမှာ ဖြစ်ကြောင်း။ "ဘာလို့လဲဆိုတော့ အသတ်ခံရ တဲ့သူက ဘုရားက ပြန်ခေါ်တဲ့အချိန်မှာ သေတာမဟုတ်ဘဲ တခြားလူတစ်ယောက်

က သတ်မှတ်လိုက်တဲ့ အချိန်မှာဘဝသေရှိတာ မို့လို့ပဲ။ သူ့အပြစ်မဲ့ကျောင်းလွှင့်နိမိခဲ့ဝ်မှာ ဘဝက ချုပ်ငြိမ်းသွားတယ်ဆိုရင် သူ့ရဲ့အမှားတွေအပြစ်တွေအားလုံးကို ခွင့်လွှတ်ကြတယ်တဲ့။ အဲဒီလိုပြောရရင်တော့ လူသတ်သမားတွေကို ကောင်းကင်တံခါးဝကို စောင့်တဲ့ တမန်တော်တွေ'လို့ ဖော့ရှူးရုမှာ ပေါ်ကွ'မှုငိဂ္ဂလိပ်ဂျူက ငှလခဲ့ပြီ"

"ဒါဆို ကျုပ်တို့တစ်ရေးရုံအခြေမဲ့ ကြွေပ်တို့ဟာ ငရဲရောက်မှာလား"

ကျုပ်က စိမ်းစိုနေတဲ့ စိုက်ခင်းတွေဘက်ကို လှည့်ရှုရမ်းပြုလိုက်တယ်။

"တို့ရောက်လာခဲ့တဲ့ ဇော်ဂျင်းကင်ဘိုညီပါဒိုဂိုမှုတွေ ပျမ်းမျှ ထောယ်လို ငရဲကို ရောက်နိုင်တော့မလွဲ။ သူ့ပြောခဲ့တာ ငါတွေ့တာ အဲဒီနှမ်းနဲ့ ဇေတိုက်တွေ ရုံးဆိုခွင့်ရဲ့ ဥယျာဉ် ခြံစည်းခြံထဲမှာနေ ငှမောင်းတွေ့တဲ့မယ့် ဖမ်းလှဲ့ဆားတိုင်ထားတဲ့ပ နှုတ်သီးလိုပဲထို့သဓ မှတ်ထားလိုက်ပါကွာ" ။ပြခ

သူက ကျုပ်ကို စိတ်ဒုက္ခရောက်နေတဲ့အကြည့်နဲ့ ပြန်ကြည့်တယ်။ မျက်ဝန်း ထဲမှာတော့ အနက်ရောင်တွေအပြည့်။ ကျုပ်မွေးထားတဲ့ သားရဲ့နှလုံးသားကို အနက်ရောင် ဆိုးပစ်ရတာကို မုန်းမိပေမယ့် အဲဒီတုန်းကတော့ ဒီလို အနက်ရောင် ဆိုးတာ ကျုပ် မဟုတ်ဘဲ ကျုပ်ဇနီးလို့ ကျုပ် ယုံကြည်နေမိခဲ့တယ်လေ။

"ပြီးတော့ ဒီမှာကြည့်စမ်း ငါ့သား. . . သူက အိုမဟာကို သွားတယ် ဆိုကတည်းက သူ့ဘာသာ ငရဲကို တွင်းတူးပြီး ဆင်းနေတာ။ သူကသာ မင်းကို ခေါ်သွားလို့ မင်းမြို့သား ဖြစ်သွားခဲ့ရင်. . . "

"ဟင့်အင်း. . . ကျုပ်ဘယ်တော့မှ မြို့သားမလုပ်ဘူး" သူအော်လိုက် တဲ့အသံက ပဲ့တင်ထပ်သွားလို့ လယ်ကွင်းထဲမှာ ရှိတဲ့ ကျီးကန်းတွေတောင် လန့်ပြီး ပျံပြေးတာ ကောင်းကင်မှာ တအားအား အော်နေတဲ့အထိ ဆူညံသွားခဲ့တယ်။

"မင်း ဖြစ်သွားမှာ။ မင်းက ငယ်သေးတယ်။ မင်းဒီကိစ္စတွေ အကုန်မေ့သွား ပြီး. . . မင်းက မြို့အထာတွေ လိုက်လုပ်ရင်း. . . မင်းလည်း မင်းကျင်း မင်းတူး တော့မှာ"

တကယ်လို့များ လူသတ်သမားတွေက သူတို့သတ်လိုက်တဲ့ သားကောင် တွေနဲ့အတူ ကောင်းကင်ဘုံမှာ စံစားဖို့ အခါအခွင့် ရှိမလားလို့သာ မေးလာခဲ့ရင် ကျုပ်တော့ ကွဲပြီပဲ။ ဒါပေမဲ့ သူက အဲဒီလောက်အထိ ချဲ့ကားပြီး မစဉ်းစားတတ် သလို မစဉ်းစားချင်ခဲ့တာများလား ဆိုတာကိုတော့ ကျုပ်လည်း မပြောတတ်ဘူး။ ငရဲဆိုတာ တကယ်ရှိသလား။ ဒါမှမဟုတ် ကျုပ်တို့ လူသားတွေက ကိုယ့်ဘာသာ ဖန်တီးယူကြတာလား။ ကျုပ်ဘဝရဲ့ နောက်ဆုံးရှစ်နှစ်တာ ခရီးတလျှောက်လုံးမှာ

mgyoe.com

mgyoe.com

တော့ ကျုပ်ကတော့ နောက်က တစ်ခုလို့ပဲ ထင်မိတယ်။

"ဘယ်လိုလုပ်မလဲ။ ဘယ်တော့လဲ"

ကျုပ်က သူ့ကို ပြောပြတယ်။

"ပြီးတော့ ကျုပ်တို့ဒီမှာပဲ ဆက်နေမှာလား"

ကျုပ်က ဆက်နေမယ်လို့ ပြန်ပြောလိုက်တယ်။

"အဲဒါက နာမှာလား"

"မနာပါဘူးကွ။ အရမ်းမြန်မှာ" ကျုပ်က ပြောလိုက်တယ်။

သူ့ကို ကြည့်ရတာ ကျေနပ်သွားပုံပါပဲ။ ပြီးတော့ ဒီကိစ္စတွေက မဖြစ်သေးတာလား၊ မဖြစ်တော့ပဲ နေမှာလား။ အာတီလက်အတွက်ကတော့ ဘာပဲ ဖြစ်ဖြစ်ပေါ့။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

ဇွန်လလယ်ရဲ့ စနေနေ့ ညနေခင်းတစ်ခုမှာ ကျုပ်တို့အားလုံး ရန်မဖြစ်ဘဲ သာသာယာယာ ရှိနေကြတယ်။ ရာသီဥတုကလည်း သာယာနေတယ်။ ဒါပဲ ကျုပ်မှတ်မိတော့တယ်။ အာတီလက်က နွေရာသီ ညနေပိုင်းတွေဆို ဝိုင်တစ်ခွက်လောက် သောက်လေ့ရှိပေမယ့် မသောက်တာတော့ ကြာပါပြီ။ သူမက သောက်ရင်း သောက်ရင်း တစ်ခွက်ကနေ တစ်ဖလား ဖြစ်သွားတတ်တဲ့ လူစားမျိုး။ ခုတော့ သောက်နေပြန်ပြီလေ။ သောက်ဖို့လည်း အကြောင်းရင်းက ရှိနေတာကိုး။

"ကျွန်မ အရမ်းသတိထားရမယ် ဝီလ်။ ကျွန်မက အဲဒီကိစ္စကို အရမ်းသဘောကျတာ။ ကျွန်မ စိတ်အင်အား အရမ်းရှိတယ်လို့ ခံစားရတယ်လေ"

အဲဒီညနေ ကျုပ်တို့ လင်မယား ဆင်ဝင်အောက်မှာ ထိုင်ရင်း လယ်ကွင်းပြင်ကို လှမ်းကြည့်ပြီး ပုရစ်လေးတွေရဲ့ အသံကို နားထောင်နေကြတယ်။ ဟင်နရီကတော့ သူ့အခန်းထဲမှာ။ သူက သူ့ညစာကို ထိတောင် မထိဘူး။ ကျုပ်တို့နှစ်ယောက်သား ဆင်တူ လှုပ်ကုလားထိုင်လေးမှာ ထိုင်နေကြရင်း သူမဆီက လေတက်တဲ့ အသံခပ်သဲ့သဲ့ကို ကြားလိုက်ရတယ်။ အဲဒီတုန်းက ကျုပ် လုပ်ငန်း စပြီဆိုရင် ကောင်လေးက ထိန်းနိုင်မှာ မဟုတ်ဘူးလို့တောင် တွေးနေမိသေးတယ်။ နောက်နေ့မနက် သူ့အမေ အရှိန်မပြေသေးဘဲ နိုးလာပြီး ရစ်နေမယ့်အစား နေထွက်တာတောင် မြင်လိုက်ရမှာ မဟုတ်ဘူးဆိုတာတော့ စဉ်းတောင် စဉ်းစားမိမှာ မဟုတ်ဘူး။ ဒီလို

mgyoe.com

နဲ့ ကျုပ်က အစီအစဉ်ကို ရှေ့တိုးလိုက်တယ်။ အဲဒီတုန်းက ကျုပ်အခြေအနေက အသေးပေါ်ကနေ အကြီး ထပ်စွပ်လို့ရတဲ့ အရုပ်ကလေးတွေလိုမျိုးများ ဖြစ်နေမလား။ ဟုတ်ချင်လည်း ဟုတ်နေမပေါ့။ လူတိုင်း ဒီလိုချည်း ဖြစ်နေမှာပါပဲ။ ကျုပ်ရဲ့ အတွင်းထဲမှာ ရှိနေတဲ့ ယုတ်မာရက်စက်တဲ့ ကိုလူစိမ်း၊ အဲဒီလူစိမ်းရဲ့အထဲမှာ ရှိနေတဲ့သူကတော့ မျှော်လင့်ချက်တွေ ပြည့်နေတဲ့ လူတစ်ယောက်ပေါ့။ အဲဒီလူကတော့ ၁၉၂၂ နဲ့ ၁၉၃၀ ကြားမှာပဲ သေသွားခဲ့ပါပြီ။ ကိုလူစိမ်းကလည်း သူ လုပ်စရာရှိတဲ့ ဖျက်ဆီးမှုတွေ၊ ဆိုးယုတ်မှုတွေလုပ်ပြီး ပျောက်သွားခဲ့ပြီ။ သူ့အကြံတွေ၊ သူ့ရည်ရွယ်ချက်တွေလည်း မရှိတော့တဲ့ အချိန်ကျတော့ ကျုပ်ရဲ့ဘဝက ဟောင်းလောင်းပေါက်ကြီးလို ခံစားနေရတယ်လေ။

ကျုပ်က ဆင်ဝင်ကို အထွက်မှာ ပုလင်းတစ်လုံးကို ယူလာလိုက်တယ်။ ကျုပ်က သူ့ဖန်ခွက်ကို ဖြည့်ပေးဖို့ လုပ်တော့ လက်ကာပြီးတားတယ်။

"ရှင် ကျွန်မကို အမူးတိုက်ပြီး ရှင်လိုချင်တာ ယူဖို့ လုပ်စရာ မလိုပါဘူး။ ကျွန်မကလည်း လိုချင်နေပါပြီရှင့်။ ကျွန်မ အရမ်းကို ယွစိထိုးနေပြီ"

သူက ပေါင်ကို ကားလိုက်ပြီး လက်ကို ပေါင်ကြားထဲကို ထည့်ပြီး ယွစိထိုးနေတယ် ဆိုတဲ့နေရာကို ပြတယ်လေ။ သူ့အတွင်းထဲမှာလည်း အပျက်မတစ်ယောက်၊ သို့မဟုတ် မိန်းမရွှင်တစ်ယောက်က ရှိနေတာပဲ။ အရက်က သူ့ကို ထိန်းချုပ်မှု လွတ်သွားပြီး အဲဒီမိန်းမက ခေါင်းပြူထွက်လာစေတာပေါ့။

"နောက်တစ်ခွက်လောက် သောက်ပါကွ။ ပျော်ပျော်ကြီး ဆင်နွှဲလိုက်ကြဦးစို့" ကျုပ်က တိုက်တွန်းလိုက်တယ်။

သူက ကျုပ်ကို နွမ်းနယ်စွာ ကြည့်နေတယ်။ ဝိုင်တစ်ခွက်လောက် ဝင်သွားတော့ သူ့မျက်လုံးတွေက မျက်ရည်တွေကျလာတယ်။ (သူ့ရဲ့ တစ်စိတ်တစ်ပိုင်းက နောက်ထပ်သောက်ချင်တဲ့ ဝိုင်မျိုး ထပ်မသောက်ရတော့မှာ စိုးလို့ ငိုနေသလိုမျိုး)။ သူ့မျက်လုံးတွေက ညနေစောင်း နေရောင်အောက်မှာ လိမ္မော်ရောင်လိုလို ရှိပေမယ့် ဖန်မီးအိမ်ထဲက မီးတောက်လိုမျိုး တောက်ပနေလေရဲ့။

"ဘာတရား ရင်ဆိုင်မှုမျိုးမှလည်း မလိုဘူး။ မင်းနဲ့ ကျုပ်နဲ့လည်း ကွဲစရာမလိုဘူး။ တကယ်လို့ ဖာရင်တန်ကုမ္ပဏီက ကျုပ်ရဲ့ ဧက ၈၀ ရော မင်းပိုင်တဲ့ ဧက ၁၀၀ ကိုရော ငွေချေမယ်ဆိုရင် ကျုပ်တို့ကြားမှာ ငြိမ်းချမ်းရေး ရပြီ"

ကျုပ်က ပြောလိုက်တယ်။

ကျုပ်တို့ရဲ့ လိပ်ခဲတည်းလည်း အိမ်ထောင်ရေး ပြဿနာကြားမှာ ဒီတစ်ခါ

mgyoe.com

mgyoe.com

တော့ သူ့ပါးစပ်က တကယ်ကို ဟောင်းလောင်း ပွင့်သွားတယ်။

"ရှင်ဘာပြောလိုက်တယ်။ ကျွန်မ နားကြားမှားတာ မဟုတ်ပါဘူးနော်။ ရှင် ကျွန်မကို အရူးမလုပ်နဲ့နော် ဝီလ်"

"မလုပ်ပါဘူးကွ" ကျုပ်ကိုယ်ထဲက ကိုလူစိမ်းက ပြန်ပြောလိုက်တယ်။ သူက ရင်ထဲကပါတဲ့ လှိုက်လှဲမှုမျိုးနဲ့ ဆက်ပြောနေတယ်။

"ဟင်နရီနဲ့ ကျုပ်နဲ့ ဒီအကြောင်းတွေ စကားအများကြီး ပြောဖြစ်တယ်"

"အဲဒီကောင်လေးက ငဒူလေး"

သူက ပြန်ပြောတယ်။ ဖန်ခွက်ပေါ်က လက်ကို ဖယ်လိုက်တဲ့အချိန်မှာပဲ ကျုပ်က အခွင့်ကောင်းယူပြီး သူ့ခွက်ကို ထပ်ဖြည့်ပေးလိုက်တယ်။

"အမြဲတမ်း ကောက်ရိုးပုံပေါ်မှာ ထိုင်ရင်ထိုင်၊ မထိုင်ရင် သစ်ပုံပေါ်မှာ ထိုင်၊ မဟုတ်ရင် ရှင်တို့နှစ်ယောက် အနောက်ဘက် ကွက်လပ်ထဲမှာ တွတ်ထိုးနေတာပဲ။ ကျွန်မက အဲဒါ ရှင်တို့ ရှန္တန်ကော်တီရီအကြောင်း ပြောနေကြတယ် မှတ်တာ"

နှာမှုတ်ပြီး ဆံပင်ကို တစ်ချက်ခါလိုက်ပြန်တယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ ကျုပ်မျက်စိထဲမယ် သူက တစ်ခုခုကို တောင့်တနေတယ်လို့ ထင်နေမိပြန်ရော။ ဒီလိုနဲ့ သူမက ဒုတိယမြောက်ခွက်ကို တစ်ငုံသောက်လိုက်တယ်။ နှစ်ငုံလောက် သောက်ပြီးတဲ့ အချိန်မှာ အချိန်မရွေး ဖန်ခွက်ကို ချပြီး အိပ်ရာဝင်သွားနိုင်တယ်။ လေးခွက်မြောက်လောက်ကျတော့ ကျုပ်က သူ့ကို ပုလင်းကမ်းပေးလိုက်တယ်။ နောက်မှာ အရံသင့် ဆောင်ထားတဲ့ နောက်ထပ် နှစ်ပုလင်း ရှိသေးတယ်ဆိုတာတော့ မေးစရာမလိုပါဘူးနော်။

"မဟုတ်ပါဘူးဟ။ တို့တွေ ဘယ်တုန်းကမှ ရှန္တန်အကြောင်း မပြောဖူးပါဘူး"

တကယ်က ဟင်နရီ အဲဒီကောင်မလေး လက်ကိုဆွဲပြီး နှစ်မိုင်လောက်က ဟမ်းမင်းဖို့တ်ကျောင်းကို လမ်းလျှောက်သွားနေတာ ရံဖန်ရံခါ ကျုပ်မြင်ဖူးထားပြီး သားပါ။

"ကျုပ်တို့က အိုမဟာ အကြောင်းပြောနေတာပါ။ သူ့ပုံကြည့်ရတာ သွားချင်ပုံရပါတယ်ကွ"

ဒီလိုအခြေအနေမှာတော့ နောက်ထပ် တစ်ခွက်နဲ့ နှစ်ငုံလောက်သောက်ဖို့လည်း ဝန်မလေးတော့ပါဘူး။ သူက တဖြည်းဖြည်းနဲ့ သံသယ ဝင်လာသလိုမျိုး။ ဒါမှ ကျုပ်ရဲ့ အာတီလက်လေ။ ဘာရည်ရွယ်ချက်ရှိနေသလဲ ဆိုတာကို ဖော်ထုတ်နေပုံမျိုး။ ခုကိစ္စမှာ ကျုပ်မှာ ရည်ရွယ်ချက် အကြီးကြီး ရှိတာပေါ့။

mgyoe.com

"တကယ်တမ်းက စမ်းကြည့်သင့်တာပဲလေ။ ပြီးတော့ အိုမဟာကလည်း ဟမ်းမင်းဖို့တ်နဲ့ ဝေးတာမှ မဟုတ်တာ"

"အေးလေ။ ရှင့်ကို အကြိမ်ရေ ထောင်ချီပြောပြခဲ့ဖူးတာပဲ။ သိပ်မှမဝေးတာ"

သူက ပြောရင်း တစ်ငုံ ထပ်သောက်လိုက်တယ်။ ဒါပေမယ့် အရင်ကလို ဖန်ခွက်ကို စားပွဲပေါ် မချဘဲ လက်ထဲမှာပဲ ကိုင်ထားတယ်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းမှာတော့ လိမ္မော်ရောင်နေမင်းကြီးက မေးတင်နေပြီး နောက်ဆုံးရောင်ခြည်နဲ့ ခရမ်းပုတ်ရောင် အမှောင်ထုကို အံတုနေလေရဲ့။

"စိန့်လူဝီဆိုရင်တော့ တမျိုးဖြစ်သွားမယ်"

"ကျွန်မကတော့ အဲဒီအကြံကို စွန့်လွှတ်လိုက်ပြီ"

သူက ဖြစ်နိုင်ချေတွေအားလုံးကို လိုက်စဉ်းစားပြီး ပြဿနာဖြစ်နိုင်လို့ စွန့်လွှတ်ပစ်လိုက်တာပေ့ါ။ ကျုပ်ရဲ့နောက်ကွယ်မှာ ကျုပ်မသိအောင် စုံစမ်းနေမှာပေ့ါလေ။ ကုမ္ပဏီက ရှေ့နေကိစ္စရောပေ့ါ။ ဒီလိုမျိုးကိစ္စတွေတောင်မှ ကျုပ် မသိအောင် ကျုပ်နောက်ကွယ်မှာ စုံစမ်းနေမယ်ဆိုရင် ကျုပ်ကို အနောက်ကနေ တင်းပုတ်နဲ့ ဆော်ဖို့လည်း ဒီမိန်းမ ဝန်လေးမှာ မဟုတ်ဘူး။

"သူတို့တွေက အားလုံးကို ဝယ်မယ်လို့ မင်းထင်လား။ ဧက ၁၈၀ လုံးလေ"

ကျုပ်က မေးလိုက်တယ်။

"ကျွန်မက ဘယ်လိုလုပ် သိနိုင်ပါ့မလဲ"

တစ်ငုံသောက်ပြန်တယ်။ ခွက်က တစ်ဝက်ကျိုးနေပြီ။ ဒီလိုအချိန်မှာ ကျုပ်က တော်တော့ဆိုပြီး သူ့လက်ထဲက ခွက်ကို တောင်းရင်တောင်မှ ပြန်လုမှာ သေချာနေပြီ။

"မင်းသိပါတယ်။ ကျုပ်ဒါကို သံသယ မရှိပါဘူး။ ဒီဧက ၁၈၀ လုံးက စိန့်လူဝီက အတိုင်းပဲ။ မင်းဒါကို စုံစမ်းပြီးပါပြီ"

သူက ကျုပ်ကို ဘေးတစောင်း လှမ်းကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်ပါတော့တယ်။

"ဟုတ်တာပေ့ါ။ ကျွန်မ စုံစမ်းပြီးသွားပြီရှင့်"

"ကျုပ်တို့ မြို့စွန်ကျကျလေးမှာ အိမ်တစ်လုံးလောက် ရှာကြည့်ရအောင်လေ။ အနည်းဆုံးတော့ ကွင်းပြင်ကျယ်ကျယ်ရှိတော့ ငေးစရာ ရှိတာပေ့ါကွာ"

"ဘာလဲ။ ရှင်က လှုပ်ကုလားထိုင်ကြီးမှာ တစ်နေကုန် ဇိမ်နဲ့ ထိုင်နေပြီး ရှင့်မိန်းမကို ခိုင်းစားတော့မယ်ပေ့ါ။ ဖြည့်ပေးစမ်းပါဦးရှင့်။ ဒီည အောင်ပွဲခံနေတာ

mgyoe.com

ဆိုရင်တော့ ကျွန်မတို့ ပျော်ပျော်ကြီး အောင်ပွဲခံပစ်ရမယ်"

ကျုပ်က နှစ်ခွက်လုံးကို ဖြည့်လိုက်ပါတယ်။ ကျုပ်ခွက်ထဲတော့ နည်းနည်းပေါ့။ ဒါမှလည်း တစ်ငုံတည်းနဲ့ အပြတ်သောက်နိုင်မှာကိုး။

"ကျုပ်ကလည်း စက်ပြင်အလုပ်ကလေး ဘာလေး ရှာလုပ်ရမှာပေါ့။ ကားတွေ၊ ထရပ်ကားတွေ ပြင်တဲ့အလုပ်ပေါ့။ ဒါပေမဲ့ လယ်ယာသုံးတွေပဲ များမှာပါကွာ။ တကယ်လို့သာ ကျုပ်က ကျုပ်တို့ရဲ့ ဖာမောလ် လယ်ထွန်စက်ကြီးကို ကောင်းကောင်း ကိုင်နိုင်တယ်ဆိုရင်. . ."

စပါးကျီဘေးနားမှာ ထိုးထားတဲ့ လယ်ထွန်စက်ကို ကျုပ်က လက်နဲ့ လှမ်းပြလိုက်ပြီး ဆက်ပြောလိုက်တယ်။

"ဘယ်စက်မျိုးမဆို ကျုပ်က ကောင်းကောင်း ပြင်နိုင်မှာပါကွ"

"ဘာလဲ. . . ဟင်နရိက ရှင့်ကို ဖျောင်းဖျတာလား"

"သူက မြို့ပေါ်မှာ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင်နေမလား။ ကျုပ်ဘာသာ တစ်ယောက်တည်း အထီးကျန် နေရစ်မလားလို့ တွက်ပြတယ်လေ"

"သက်ငယ်စကား သက်ကြီးကြား ဆိုပါတော့လေ။ တော်သေးတာပေါ့။ ဘုရားမလို့"

သူက လက်ထဲက ဖန်ခွက်ကို တကျိုက်တည်း မော့ချလိုက်ပြီး ကျုပ်ဆီကို လှမ်းထိုးပေးပြန်တယ်။ ပြီးတော့ ကျုပ်လက်ကို ဖမ်းဆွဲပြီး သူ့ပါးစပ်က ဝိုင်နံ့ပြင်းပြင်းကိုရတဲ့အထိ အနားတိုးကပ်လာတယ်။

"ဒီညတော့ ရှင့်သဘောရှိပဲ ဝီလ်ရေ"

သူက ခရမ်းရောင်သန်းနေတဲ့ သူ့လျှာနဲ့ အပေါ်နှုတ်ခမ်းကို လျှက်လိုက်ပြီး ဆက်ပြောနေပြန်တယ်။

"ဟိုကိစ္စလေ"

"အေးပါ။ ကျုပ်ကလည်း လုပ်မှာပါ"

ကျုပ်အတွေးထဲမှာတော့ ၁၅ နှစ်တာ အတူတူအိပ်ခဲ့တဲ့ အိပ်ရာပေါ်မှာ ဆိုးဆိုးဝါးဝါး ဖြစ်တော့မယ့် အဖြစ်အပျက်ကို ကြိုပြီး တွေးကြည့်နေမိတယ်။

"ဟင်နရီကို ခေါ်လိုက်ပါဦး"

သူက လျှာလေး အာလေး ဖြစ်နေပြီ။

"ကျွန်မ သူ့ကို အမှန်အတိုင်း မြင်တတ်တဲ့အတွက် ဂုဏ်ပြုရမယ်"

mgyoe.com

mgyoe.com SAMPLE BOOK

(ကျုပ်ဇနီးရဲ့ အဘိဓာန်ထဲမှာ ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားလုံး မရှိတာကို ပြောပြခဲ့ဖူးသလားတော့ မသိတော့ဘူး။ ပြောဖြစ်ချင်မှ ပြောဖြစ်ခဲ့လိမ့်မယ် ထင်တယ်။ ဒါပေမဲ့ ခုတော့လည်း မလိုတော့ပါဘူးလေ) သူ့မျက်လုံးထဲမှာ အရောင်တစ်ချက် လက်သွားတယ်။

"ကျွန်မတို့ သူ့ကိုလည်း တစ်ခွက်လောက် တိုက်ကြရအောင်လေ။ သူလည်း အရွယ်ရောက်နေပြီပဲ ဥစ္စာ"

သူက ကျုပ်ကို တံတောင်နဲ့ တွတ်ပြီး ပြောနေတဲ့ပုံက မသိရင် အမူးသမားနှစ်ယောက် သူတို့ချင်းပဲ သိတဲ့ ညစ်တီးညစ်ပတ် ဟာသတွေ ပြောပြီး ကျိတ်ရယ်နေတဲ့ပုံမျိုး။

"သူမူးသွားရင် သူနဲ့ ရှုနွန်ကော်တီးရိနဲ့ ဘာညာဘာညာကိစ္စတွေ အစ်အောက်ထုတ်လို့ ရတာပေါ့။ ကောင်မစုတ်လေး. . . ဆံပင်လေးကတော့ တော်တော်လှသား။ ကျွန်မက အဲဒီနေရာမှာတော့ သူ့ကို အမှတ်ပေးတယ် သိလား"

"နောက်တစ်ခွက်လောက် အရင်သောက်လိုက်စမ်းပါဦးကွ"

ကိုလူစိမ်းက ပြောပြန်သည်။

သူကလည်း နောက်ထပ် နှစ်ခွက် ထပ်သောက်တယ်။ ပုလင်းလည်း ပြောင်ပြီ။ (ပထမ တစ်လုံး) အဲဒီနောက်တော့ သူမက "အဗလုံ" ဆိုတဲ့ သီချင်းကို အမူအရာ အပြည့်၊ အသံနေ အသံထားနဲ့ ဆိုပါတော့တယ်။ ခံရတဲ့ နားဒုက္ခနဲ့ မျက်စိဒုက္ခကတော့ မသေးလှဘူး။

ကျုပ်က ဟင်နရီ့ကို ခေါ်ဖို့ အချိန်ရောက်ပြီဆိုတဲ့ အကြောင်းပြချက်နဲ့ မီးဖိုချောင်ထဲကို ဝင်ပြီး နောက်ထပ်ပုလင်းတစ်လုံး ဝင်ယူတယ်။ ကျုပ်အပေါ် မှာ ပြောခဲ့သလိုပဲ။ ဒီကိစ္စမှာ ကျုပ်သားပါဖို့ကို ကျုပ်သိပ်ပြီးတော့ မျှော်လင့်မထားမိဘူး။ ဒီကိစ္စမှာ သူက စိတ်ပါလက်ပါနဲ့ ပူးပေါင်းကူညီမှသာ အထမြောက်မှာ။ ပြီးတော့ တကယ်တမ်း အချိန်ကျလာရင် ဒီကောင်က ရှက်ကြောက်နေတာနဲ့ အလုပ်မဖြစ်မှာ စိုးရိမ်နေမိတယ်။ ဒီလိုဆိုလည်း ကျုပ်ဇနီးသည်ကို အိပ်ရာထဲ တွဲပို့။ မနက်နိုးလာရင် ကျုပ်က လယ်မြေတွေ ရောင်းဖို့ကိစ္စ စိတ်ပြောင်းသွားပြီလို့ ပြောလိုက်ရုံပေါ့။

ဟင်နရီက ဆင်းလာပေမယ့် သူ့ရဲ့ မျက်နှာ ဖြူဆုပ်ဆုပ်က အောင်မြင်ရမယ်ဆိုတဲ့ စိတ်ဓာတ်တက်ကြွမှုမျိုး မမြင်ရ။

"ကျုပ် မလုပ်နိုင်ဘူး ထင်တယ် အဖေ။ အဲဒါ ကျုပ် အမေဗျ"

mgyoe.com

သူက တိုးတိုးလေး ပြောတယ်။

"အေး. . . မင်းမလုပ်နိုင်ဘူးဆိုရင် တကယ်လည်း လုပ်နိုင်မှာမဟုတ်ဘူး"

ကျုပ်က ပြောလိုက်တယ်။ ဒီစကားက အတွင်းက ကိုလူစိမ်းပြောတာ မဟုတ်ဘူး။ ကျုပ်စိတ်ရင်းနဲ့ ပြောတာ။ ကျုပ်တို့ အစီအစဉ်ကို ဖျက်လိုက်တော့မယ်။

"ဘာပဲပြောပြော သူပျော်နေတာ။ လပေါင်းများစွာကြာမှ ပထမဆုံး စိတ်လွတ်လက်လွတ် ပျော်နေရှာတာ။ မူးနေပေမယ့် ပျော်နေရှာတယ်"

"ထွေနေရုံပဲ မဟုတ်ဘူးလား။ မူးနေပြီလား"

"အဲဒီလောက်ကြီးလည်း မအံ့သြစမ်းပါနဲ့ကွာ။ သူလုပ်ချင်တာ ပေးလုပ် ထားလိုက်မှ သူလည်း ပျော်မှာပေါ့ကွ။ ၁၄ နှစ်လုံးလုံး တူတူနေလာပြီး မင်းခုထိ အဲဒါကို သဘောမပေါက်သေးဘူးလား"

သူက မျက်မှောင်ကုတ်ပြီး သူ့ကို မွေးခဲ့တဲ့ အမေ "ညစ်ပတ်တုံးကြီး မက်ဂျီး" ဆိုတဲ့ သီချင်းကို အာလေးလျှာလေးနဲ့ ဆိုနေတဲ့ အသံကို ဆင်ဝင်ဘက် နားစွင့်ကြည့်တယ်။ ဟင်နရီက မက်သဒစ် လူငယ်များအသင်းနဲ့အတူ ကင်းထောက် စခန်းတွေမှာ ပြီးခဲ့တဲ့ နှစ်တွေက အမြဲလိုက်တဲ့ ကောင်။ သူ လန့်သွားတာကို ကြည့်ပြီး ကျုပ် သဘောကျနေမိတာပေါ့။ ဆယ်ကျော်သက်လေးတွေက သူတို့ အသက်ကြီးလာလို့ ဘဝရဲ့ အထုအထောင်းမခံရသေးခင်တော့ လုံးဝ ဒေါင်ဒေါင် မြည် ပျူရီတန်လေးတွေပေါ့လေ။

"သူက မင်းကို တစ်ခွက်လောက် ဝင်သောက်စေချင်နေတယ်ကွ"

"အာ. . . အဖေကလည်း။ ကျုပ်က ဘုရားသခင်ဆီမှာ သစ္စာဆိုထား တယ်ဗျ။ ဘယ်တော့မှ မသောက်ဘူးဆိုပြီးတော့"

"သူနဲ့ ပြောပေါ့ကွာ။ သူက အောင်ပွဲခံနေတာကွ။ အဖေတို့ ဒီအိမ်နဲ့ ဒီမြေကို ရောင်းပြီး အိုမဟာကို ပြောင်းဖို့"

"မဖြစ်နိုင်ဘူး"

"အေးပါ. . . မင်းတွေ့မှာပေါ့။ မင်းပေါ်မှာပဲ တည်တယ် ငါ့သား။ အပြင်ထွက်ခဲ့ဦးကွ"

သူ့အမေက သူ့ကို တွေ့တော့ ယိုင်ထိုးယိုင်ထိုးနဲ့ ထလာပြီး သူ့ကို ခါး ကနေ အတင်းဆွဲဖက်ထားပြီး မျက်နှာအနှံ့ကို နမ်းတော့တာပဲ။ အရက်နံ့ နံစော် နေတဲ့အပြင် မနှစ်မြို့စရာ ခံစားချက်ကြောင့် သူက မျက်နှာ ရှုံ့မဲ့နေတာပေါ့။ ကိုလူစိမ်းကတော့ ပြောင်နေတဲ့ အရက်ခွက်ကို ဖြည့်ပေးလိုက်ပြန်တယ်။

mgyoe.com

mgyoe.com

"နောက်ဆုံးတော့ တို့တွေ အားလုံး တူတူနေရတော့မယ်။ ငါ့ယောက်ျား အမြင်မှန်ရသွားပြီကွ"

သူက လက်ထဲက ကိုင်ထားတဲ့ ဖန်ခွက်ကို မြှောက်လိုက်ပြီး ဆုတောင်းတယ်။ ပြီးတော့ တရှိန်ထိုး မော့ချလိုက်ပြန်ရော။ ပြီးတော့ တဟီးဟီး အော်ရယ်ပြီး ကျုပ်ကို မျက်စပစ်ပြပြန်တယ်။

"ရှင်လိုချင်ရင် ခဏနေရင် အကျီပေါ်ကနေ လုပ်လည်း ရတယ်"

သူက လှုပ်ကုလားထိုင်ပေါ် ပြန်ထိုင်ချရင်း စကပ်စကို မပြီး ပေါင်နှစ်ချောင်းကြားထဲ ထည့်လိုက်တဲ့ပုံကို ဟင်နရီက စိတ်ရှုပ်ပြီး ရွံရှာနေဟန်နဲ့ ကြည့်နေတယ်။ သူက အဲဒီအကြည့်ကို သတိထားမိသွားပြီး ခွက်ထိုးခွက်လှန် ရယ်ပြန်တယ်။

"အဲ့ဒီလောက်ကြီး ရှက်မနေစမ်းပါနဲ့ ဟဲ့။ နင်နဲ့ ရှန္ဒန်ကော်တရီးကို ငါမြင်ပါတယ် ခွေးကောင်လေးရဲ့။ ဒါပေမဲ့ သူက ဆံပင်တွေတော့ တော်တော်လှတဲ့ ကောင်မစုတ်လေးနော်"

သူမက ခွက်ထဲက လက်ကျန်ကို ဖြတ်လိုက်ပြီး လေတစ်ချက်တက်သွားတယ်။

"အဲဒီကောင်မလေးကို ကောင်းကောင်း အကိုင်အတွယ် မတတ်ရင်တော့ နင်က အရှုံးပဲ။ သတိတော့ထား။ ဆယ့်လေးနှစ်ဆိုတာလည်း မိန်းမယူလို့တောင် ရနေပြီ။ ဒီလိုနေရာမျိုးမှာဆိုရင်တော့ ဆယ့်လေးနှစ်ဆိုတာ မင်းရဲ့ ဝမ်းကွဲတွေ ဘာတွေရှိရင် မင်္ဂလာတောင် ဆောင်လို့ ရနေပြီဆိုတာ သိဖို့"

သူမက အော်ရယ်ပြီး ဖန်ခွက်ကို ကျုပ်ဆီထိုးပေးပြန်တယ်။ ကျုပ်က လည်း အလိုက်သတိနဲ့ ဒုတိယ ပုလင်းကို ဖောက်ပြီး ဖြည့်ပေးလိုက်ပြန်တယ်။

"အဖေ. . . တော်သင့်ပြီ"

ဟင်နရီက လူကြီးဆန်ဆန် တားလိုက်တယ်။ ကျုပ်တို့အားလုံးရဲ့ အပေါ်မှာတော့ ကျုပ်တစ်သက်လုံး ချစ်ခဲ့တဲ့ ကြယ်တစ်လုံးစ နှစ်လုံးစပဲ ရှိတဲ့ အနက်ရောင် ကောင်းကင် ဟင်းလင်းပြင်ကြီးက အုပ်မိုးလို့ပေါ့။

"မသိတော့ပါဘူးကွာ" ကျုပ်က ပြန်ပြောလိုက်တယ်။

"မင်းအမေ အပြစ် ပြောပြောနေတဲ့ အဖေဖတ်နေကျ စာအုပ်ထဲမှာ ပါတဲ့. . . အဘိုးကြီး ပလိုင်နီ ပြောတဲ့ အကောင်းစားဝိုင်ဆိုတာပေါ့ကွ"

"တစ်နေ့လုံး လယ်ထွန်၊ ညကျတော့ စာအုပ်ထဲ ခေါင်းစိုက်။ သူလိုချင်တာရှိမှ ငါ့ဆီလာတာ သားရဲ့" အာတီလက်က ဝင်ပြောပြန်ပါလေရော။

mgyoe.com

mgyoe.com SAMPLE BOOK

"အမေ"

"အမေ" သူမက သူ့အသံအတိုင်း လိုက်တုပြီး လှောင်တယ်။ ပြီးတော့ ကျုပ်တို့ အိမ်ကနေ အတော်လှမ်းပေမယ့် အလင်းရောင်လေးလောက်တော့ မြင်ရတဲ့ ဟာလမ် ကော့တရီး မိသားစုပိုင် လယ်ဘက်ကို အရက်ခွက်နဲ့ လှမ်းညွှန်ပြတယ်။ နွေရာသီရောက်လာပြီဆိုရင် လယ်တောအိမ်လေးတွေ အားလုံးက အစိမ်းရောင် ပင်လယ်ကြီးထဲမှာ မျောနေတဲ့အတိုင်းပါပဲ။

"ဟောဒီတစ်ခွက်က ရှန္တန် ကော်တီးရက်နဲ့ သူ့ရဲ့ အသစ်စက်စက် သတို့ သားလောင်းအတွက်။ အေး. . . ကျွန်မရဲ့သားက အဲဒီကောင်မလေးရဲ့ နို့သီးခေါင်း လေးက ဘာအရောင်လဲဆိုတာတောင် မသိရင်တော့ မင်းအတော် တုံးတဲ့ကောင်ပဲ ငါ့သားရေ။ ဒါမှမဟုတ်ရင်လည်း ကျုပ်မပြည့်တာပဲ ဖြစ်ရမယ်"

ကျုပ်သားက ဘာမှတော့ ပြန်မပြော။ ဒါပေမဲ့ သူ့ရဲ့ အရိပ်ကျနေတဲ့ မျက်နှာပေးကို ကြည့်ရတာ ကျုပ်လိုပဲ အတွင်းထဲက လူစိမ်းက တစိမ့်စိမ့်နဲ့ အပြင်ကို ခေါင်းပြူလာတယ်လို့ ခံစားနေရတယ်။

သူမက ဟင်နရီဘက်ကို လှည့်သွားပြီး လက်မောင်းကနေ စောင့်ဆွဲ လိုက်တော့ သူ့လက်ကောက်ဝတ်ပေါ် ကို ဝိုင်တွေ မှောက်ကုန်တယ်။ ကောင်လေးက စိတ်ညစ်ပြီး အော်တာကို သူမက ဂရုမစိုက်ဘဲ ပြုံးစိစိနဲ့ ဆက်ပြောနေပြန်ရော။

"ကောက်ရိုးပုံပေါ် မှာ ဖြစ်ဖြစ်၊ နွားတင်းကုပ်ထဲမှာပဲ ဖြစ်ဖြစ် ချိန်းတွေ့ကြ တဲ့အခါ ဟိုထိုးဒီထိုး မလုပ်နဲ့နော်"

သူက ပြောပြောဆိုဆို သူ့လက်ချောင်းတွေကို လက်သီးဆုပ်ဖြစ်အောင် လုပ်ပြီး လက်ခလည်ကို မတ်၊ ပေါင်ခြံကို စက်ဝိုင်းပုံစံ လျှောက်ဆွဲနေပြန်ရော။ ပါးစပ်ကလည်း ပြောသေးတယ်။

"ကြိုက်သလောက် လုပ်၊ စပ်စုချင်သလောက် စပ်စု။ ဒါပေမဲ့ တစ်ဘဝ လုံးစာ အကျဉ်းမကျချင်ရင်တော့ အဆင်သင့် မဖြစ်သေးရင် ဒုတ်မသရမ်းနဲ့ ဟုတ်ပြီ လား။ မင်းအဖေနဲ့ အမေကို ကြည့်"

သားက စကားတစ်ခွန်းမှ မပြောဘဲ ထထွက်သွားတယ်။ ကျုပ်အပြစ် မတင်ပါဘူးလေ။ အာတီလက်အတွက်တော့ အဆုံးစွန်အထိ ပြုမူလိုက်ခြင်းပဲ။ သူ့အမေရဲ့ နောက်ထပ်ကိုယ်ပွား "ထိန်းရ သိမ်းရခက်တဲ့ မိန်းမရိုင်း" ကို သူ့မျက်စိ နဲ့ တပ်အပ်မြင်လိုက်ရတာပဲ။ အရက်နံ့ မွှန်နေပြီး အောက်ပိုင်းကနေ မတက်တဲ့ အပြောအဆိုနဲ့ မိန်းမရှင်သာသာ ရှိတဲ့ သူမရဲ့ အခြားတစ်ကိုယ်။ ဆိုးတာက

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်လေးကလည်း တကယ်ကို ကော်တရီးဆိုတဲ့ ကောင်မလေးပေါ် စိတ်ကစား နေတဲ့အချိန်။ အချစ်ဦး အသည်းနုနုလေးတွေက သူတို့ချစ်တဲ့သူကို ပန်းပွင့်လေးလို တယုတယနဲ့ အရိပ်တကြည့်ကြည့် မြတ်နိုးပြီးတော့ပဲ နေချင်တာ သူများက ပေါက် ကရတွေ လျှောက်ပြောနေရင် ဘယ်သည်းခံတတ်မလဲလေ. . . ကိုယ့်ကို မွေးထား တဲ့ အမေအရင်းဆိုရင်တောင်မှပေါ့။

အိပ်ခန်းတံခါး ဆောင့်ပိတ်လိုက်တဲ့အသံကို ကျုပ်ကြားဖြစ်အောင် ကြား လိုက်ရတယ်။ ပြီးတော့ ငိုသံခပ်တိုးတိုးရောပေါ့။

"မင်းသူ့ကို စိတ်ထိခိုက်အောင် လုပ်လိုက်ပြီ"

ကျုပ်က အာတီလက်ကို ပြောလိုက်တယ်။

သူ့အတွက်တော့ စိတ်ထိခိုက်အောင် လုပ်လိုက်တယ်ဆိုတာ တရား မျှတမှု အလားပေါ့။ ပျော့ညံ့တဲ့ ကောင်တွေအတွက် နေရာမရှိဆိုတာလိုမျိုး ခံယူ ထားတာကလား။ သူက ကျုပ်ဆီ ဖန်ခွက်အလွတ်ကြီး ထိုးပေးပြန်တယ်။ မနက်ကျရင် သူမပြောခဲ့တာတွေ အားလုံးမေ့သွားမှာ ကျုပ်က သိနေပြီးသား။ (မနက်အထိ အသက်ရှင်ရင်ပေါ့လေ) ပြီးရင်တော့ ကျုပ်ပြောပြသမျှကို သူက ဘူးခံပြီး တွင်တွင် ငြင်းတော့မှာ။ ကျုပ်က ဒါတွေကို ကြုံခဲ့ဖူးပြီးသား။ ကြာတော့ ကြာပါပြီလေ။

ဒုတိယ ပုလင်းကုန်ပြီး (သူချည်းပဲ သောက်တာ) တတိယ ပုလင်း တစ်ဝက် ကျိုးတော့ ဇက်ခေါက်ပြီး အိပ်ပျော်ရင်း ဟောက်တောင်နေပြီ။ သူ့ဆီက ထွက်လာ တဲ့ ဟောက်သံက အသက်ရှူလမ်းကြောင်း ပိတ်နေလို့ ထွက်နေတဲ့ အသံပေမယ့် တကယ်တမ်းက ဒဏ်ရာရထားလို့ ခွေးနာကျနေတဲ့ ခွေးကြီးတစ်ကောင်ရဲ့ မာန်ဖီတဲ့ အသံနဲ့တောင် ခပ်ဆင်ဆင်ရယ်။

ကျုပ်က သူ့ကို ချိုင်းအောက်ကနေ လျှိုဝင်ပြီး တွဲလိုက်ပြီး ခြေထောက် တွေကို တရွတ်တိုက်မဆွဲအောင် ထူရင်း ပွေ့လိုက်တယ်။ အဲဒီအချိန်ကျ သူမဆီက စကားသံက ဗလုံးဗထွေးနဲ့ ထွက်လာပြီး ကျုပ်ကိုတောင်မှ လှမ်းရိုက်သေးတာ။

"လာမထိနဲ့၊ အိပ်နေတာကို" တဲ့။

"အေးပါကွာ. . . အိပ်ရာပေါ်မှာ သွားအိပ်ရအောင်ပါ။ ဆင်ဝင်အောက် မှာ အိပ်လို့ မရဘူးလေကွာ" ကျုပ်က သူ့ကို ပြောလိုက်တယ်။

ကျုပ်က သူ့ကို တွဲခေါ်လာရင်း မျက်လုံးတစ်ဖက်က ပိတ်လျက်သား၊ နောက်တစ်ဖက်က ဖွင့်လျက်နဲ့ ကျုပ်ကို ရီဝေဝေနဲ့ ကြည့်နေသေးတာ။ ဧည့်ခန်းကို ဖြတ်လာကြတယ်။ ဟင်နရီက တံခါးဖွင့်ကြည့်ရင်း အပေါက်ဝမှာ ရပ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာက အရိပ်အကဲ ဖမ်းလို့မရဘူး။ သူ့ကိုကြည့်ရတာ ရှိရင်းစွဲ အသက်ထက် အများကြီး ရင့်သွားသလိုမျိုး။ သူက ကျုပ်ကို ခေါင်းဆတ်ပြတယ်။ မသိမသာလေး ခေါင်းဆတ်တယ် ဆိုရုံဆိုပေမယ့် ကျုပ်အတွက်ကတော့ ပြောစရာမလိုအောင် ပေါက်ပြီးသားလေ။

ကျုပ်က သူ့ကိုအိပ်ယာပေါ်မှာ ချ၊ ဖိနပ်တွေ ချွတ်။ ပြီးတော့ ခြေကား ယားလက်ကားယားနဲ့ ဟောက်နေတဲ့အတိုင်း ထားခဲ့လိုက်တယ်။ ကျုပ်က ဧည့်ခန်း ထဲကို ပြန်သွားတော့ ပြီးခဲ့တဲ့နှစ်က အာတီလက် အတင်းပူစာလို့ ဝယ်ထားတဲ့ ရေဒီယိုကြီးဘေးမှာ ဟင်နရီက ရပ်နေတာ။

"သူ ရှုံ့ချွန်ကို ဒီလို မပြောသင့်ဘူး" သူက တိုးတိုးလေး ပြောတယ်။

"ဒါပေမဲ့ ပြောမှာပဲလေ။ ဒါက သူ့အကျင့်ကိုး။ မွေးကတည်းက ပါလာတဲ့ သူ့ဝသီလေ" ကျုပ်က ပြန်ပြောလိုက်တယ်။

"ပြီးတော့ ကျုပ်ကိုလည်း ရှုံ့ချွန်ဘေးကနေ ခွာလို့ရမှာ မဟုတ်ဘူး"

"လုပ်ဦးမှာပဲ။ တို့က သူ့ကို လုပ်ခွင့်ပြုနေဦးမယ်ဆိုရင်"

"အဖေ. . . အဖေ သူ့ကို မတားနိုင်ဘူးလားဗျာ။ ကိုယ်ပိုင်ရွှေ့နေ ငှားလိုက်လေဗျာ"

"ဘာလဲ။ မင်းက အဖေတို့ လက်ထဲမှာ ရှိတဲ့ ပိုက်ဆံနည်းနည်းလေးနဲ့ ဖာရင်တန်ဖက်က ရောက်လာမယ့် ရွှေ့နေကို နိုင်မယ့် ရွှေ့နေ ငှားလို့ရမယ်လို့များ ထင်နေတာလား။ သူတို့က တို့ကို ဟမ်းမင်းဖို့ ခရိုင်ကနေ ရိုက်ထုတ်လိုက်တဲ့ အချိန်မှာ တို့မှာတော့ ကောက်ရိတ်တဲ့ တံစဉ်းပဲ သူတို့ကို တိုက်စရာ ရှိတယ်။ သူတို့က ဧက ၁၀၀ ကို ဝယ်ချင်နေတာ။ မင်းအမေကလည်း ရောင်းမယ်ပြောပြီးသား။ နောက်ဆုံးနည်းလမ်းပဲ ရှိတော့တယ်။ မင်းကူမှ ဖြစ်မှာ။ ကူမယ် မဟုတ်လား"

သူက ဘာမှ မပြောဘဲ တိတ်သွားတာ အတော်ကြာတယ်။ သူက ခေါင်း ကို ငုံ့ထားပေမယ့် မျက်ရည်စက်တွေ ကျသွားတာကို ကျုပ်မြင်လိုက်ရတယ်။ ပြီးတော့မှ သူက လေသံလေးနဲ့ ပြောတယ်။

"ဟုတ်ကဲ့။ ကျုပ်ကူပါ့မယ်။ ဒါပေမယ့်. . . ကျုပ် မြင်နေရရင်. . . လုပ်ရဲပါ့မလား မသိ"

"မင်း မကြည့်ဘဲ ကူလို့ရတာ ရှိပါတယ်ကွ။ တင်းကုပ်ထဲကို သွား၊ မိုးကာ ဖျင်စ သွားယူလာခဲ့"

သူက ကျုပ်ပြောတဲ့အတိုင်း သွားလုပ်ရှာတယ်။ ကျုပ်က မီးဖိုချောင်ထဲက

mgyoe.com

mgyoe.com SAMPLE BOOK

အထက်ဆုံး သားလှီးဓားကို သွားယူလာလိုက်တယ်။ သူက ဖျင်စကို ယူပြီး ပြန်ဝင်လာတဲ့အချိန် ကျုပ်လက်ထဲက ဓားကို မြင်တော့ သူ့မျက်နှာက ဖြူဖွေးသွားတယ်။

"အဲဒါကြီး လိုလို့လား အဖေရာ. . . ကျုပ်တို့ ခေါင်းအုံးဖြစ်ဖြစ်"

"သိပ်ကြာပြီး ခံစားရလိမ့်မယ်ကွ။ သူက ရုန်းမှာ"

ကျုပ်က အရင်က လူတွေ အများကြီး သတ်ခဲ့ဖူးသလိုမျိုး အထာနဲ့ ပြောလိုက်တော့ သူကလည်း လက်ခံပါတယ်။ တကယ်တော့ ကျုပ်မှာလည်း အတွေ့အကြုံ မရှိပါဘူး။ ကျုပ်က စိတ်ကူးထဲကလိုမျိုး သူမကို အပျောက်ရှင်းပစ်ချင်တာပဲ ရှိတာ"

နေ့စဉ်ကြည့်ထားတဲ့ ဓားထက်ထက်ကတော့ ခုကျုပ်လက်ထဲမှာ ကိုင်လျက်သား။ ဒါကြောင့် ဓားပဲသုံးမယ်။ ဓားမှ မဟုတ်ရင် မလုပ်တော့ဘူး။

ကျုပ်တို့နှစ်ယောက်သား ရေနံဆီမီးအိမ်ရဲ့ အလင်းရောင်အောက်မှာ တစ်ယောက်ကို တစ်ယောက်ကြည့်နေရင်း ရပ်နေမိကြတယ်။ (အဲဒီအချိန်တုန်းက ၁၉၂၈ အထိ ဟမ်းမင်းဖို့ စာသင်ကျောင်းမှာ မီးစက်နဲ့ ပေးတာကလွဲရင် လျှပ်စစ်မီး မရသေးပါဘူး)။ ညရဲ့ တိတ်ဆိတ်မှုထဲမှာ ခပ်မှန်မှန်ထွက်ပေါ်နေတဲ့ ကျုပ်ဇနီးရဲ့ ဟောက်သံကလွဲရင် အဲဒီအခန်းထဲမှာ နောက်ထပ်တစ်ခုရှိ နေသေးတယ်။ သူမရဲ့ ကိုယ်ပွားအမျိုးသမီးရဲ့ ရှောင်လွှဲလို့ မရတဲ့ ပြင်းပြတဲ့ ဆန္ဒပေါ့။ (ရှစ်နှစ်ကြာခဲ့ပြီး တာတောင်မှ ကျုပ် သေချာသိနေသေးတယ်)။ သရဲတစ္ဆေပုံပြင်တွေလိုမျိုး။ လူမသေခင်မှာ ဝိညာဉ်ထွက်သွားတယ် ဆိုတာမျိုး ဖြစ်မလားပဲ။

"ကောင်းပြီလေ. . . အဖေ။ ကျုပ်တို့. . . ကျုပ်တို့ သူ့ကို ကောင်းကင်ဘုံကို ပို့ပေးကြတာပေါ့"

ဟင်နရီ့မျက်နှာက အဲဒီအတွေးနဲ့ ပြန်ဝင်းပလာတယ်။ သူ ကိစ္စတုံးလိုက်တဲ့ ပုံစံကို ကြည့်ပြီးတော့မှ ကျုပ်ဒီကိစ္စက ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာ ပြန်တွေးမိလာတယ်ဗျာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

တိုတိုပဲ ပြောကြစို့ဗျာ။ ကျုပ်အိပ်မပျော်တဲ့ ညတွေမှာဆို အဲဒီမြင်ကွင်းကြီးက ကျုပ်မျက်စိထဲ ပြန်ပြန်ပေါ်လာတယ်။ လည်ချောင်းထဲ တစ်ခုခုနင်နေတဲ့ အသံ၊ သီးသွားလို့ ချောင်းဆိုးတဲ့အသံနဲ့ ဝရောဝရော ပန်းထွက်နေတဲ့ သွေးတွေ။

ကျုပ်တို့ အိပ်ခန်းထဲကို ဝင်သွားကြတယ်။ ကျုပ်က သားလှီးဓားကြီး လက်ထဲမှာ ကိုင်လို့၊ ကျုပ်သားကတော့ မိုးကာဖျင်စကြီး ကိုင်လို့ပေါ့။ ကျုပ်တို့က ခြေသံကြားသွားမှာ စိုးလို့ ခြေဖျားထောက်လာပေမယ့် သူမကတော့ ဆင်အော်တောင် နိုးမှာမဟုတ်။ ကျုပ်က ဟင်နရီကို ကျုပ်ရဲ့ညာဘက် သူ့ခေါင်းဘေးမှာ ရပ်ဖို့ အချက်ပေးလိုက်တယ်။ ကျုပ်က သူမရဲ့ နှိုးစက်နာရီက တချက်ချက်မြည်သံနဲ့ သူမရဲ့ ဟောက်သံကို ကြားနေရတော့ ကျုပ်စိတ်ထဲမှာက သေခါနီး အရေးတကြီး လူနာကို လာကြည့်ရတဲ့ ဆရာဝန်တွေလို့ ကျုပ်တို့ကိုယ် ကျုပ်တို့ ထင်လာမိတယ်။ ဒါပေမဲ့ ဆရာဝန်တွေကတော့ ကြောက်ရွံ့ပြီး မဝံ့မရဲ ဖြစ်နေလိမ့်မယ်လို့တော့ ကျုပ်မထင်ပါဘူးဗျာ။

*"သွေးတွေ အများကြီး မထွက်ပါစေနဲ့။ အိတ်နဲ့ ထိန်းလို့ မှီပါစေဗျာ"*

နောက်ဆုံးအချိန်လေးမှာ ကောင်လေး ငိုပါစေဦး။

ဒါပေမဲ့ သူက မငိုပါဘူး။ ဒီအစား ကျုပ်က မလုပ်ရင်တောင် သူက ကျုပ်ကို စိတ်ဆိုးမယ့်ပုံမျိုး။ သူ့အမေကို နတ်ပြည်ပို့ပေးမယ်လို့ တွေးနေသလား၊

mgyoe.com

mgyoe.com

ဒါမှမဟုတ်ရင် ခုနက သူ့အမေပြောလိုက်တဲ့ စကားတွေကို ပြန်ကြားယောင်ပြီး ဒေါသထွက်နေလေမလား။ ကျုပ်မသိဘူး။ ကျုပ်သိတာက သူတိုးတိုးလေး ပြောလိုက်တဲ့ စကား။ "တာ့တာ မေမေ" တဲ့။ ပြီးတာနဲ့ ခေါင်းကို မိုးကာဖျင်စ အိတ်နဲ့ စွတ်ထည့်လိုက်တာပဲ။

အစကတော့ တွန့်လိမ်ပြီး ရုန်းသေးတယ်။ ကျုပ်က ကျုပ်အလုပ် ကျုပ်လုပ်ဖို့ ဖျင်စအောက်ထဲ လက်ထည့်ရသေးတာကိုး။ ဒါပေမဲ့ သူက သူ့အမေ လွတ်ထွက်သွားမှာစိုးလို့ တင်းတင်းကြီး ဆုတ်ထားတော့ ကျုပ်လည်း လုပ်မရဘူး ဖြစ်ကုန်တော့တာပဲ။ သူ့နှာခေါင်းက မိုးကာစ အောက်မှာ ထင်းထင်းကြီးပေါ်လာတာများ ငါးမန်းတောင်ကြီး ကျနေတာပဲဗျို့။ ပြီးတော့ ကျုပ်သားရဲ့ မျက်နှာပေါ်မှာလည်း ဇောချွေးတွေကို တွေ့နေရတယ်။ သူ့ကြည့်ရတာ ကြာကြာ တောင့်မထားနိုင်တော့တဲ့ပုံမျိုး။

ကျုပ်က ခုတင်ပေါ် ဒူးထောက်လိုက်ပြီး လက်တစ်ဖက်က ကျုပ်ဇနီးရဲ့ ပခုံးကို ဖမ်းထိန်းထားလိုက်တယ်။ ပြီးတော့ အိတ်ရဲ့ အောက်မှာ ရှိနေတဲ့ လည်ပင်းကို မှန်းပြီး ဓားနဲ့ လှီးချလိုက်တယ်။ သူကလည်း အသည်းအသန် အော်ဟစ်ပြီး ရုန်းတော့တာပဲ။ သွေးတွေက ဓားချက်အောက်၊ ဖျင်စ အောက်ကနေ စီးကျလာတော့တာပေါ့။ သူ့လက်တွေက သွေးရှူးသွေးတန်းနဲ့ လေထဲမှာ ယမ်းနေတယ်။ ဟင်နရီက အိခနဲ တစ်ချက်အော်လိုက်ပြီး ခုတင်ဘက်ကနေ မျက်နှာလွှဲသွားတယ်။ ကျုပ်ကတော့ အာတီလက်ကို ဖိလျက်သားပေါ့။ သူ့ရဲ့လက်ချောင်းတွေက မျက်နှာပေါ်က အိတ်ကို အတင်းဆွဲခွာနေတော့ ကျုပ်က အဲဒီလက်တွေကို ဓားနဲ့ လှီးပစ်လိုက်တယ်လေ။ လက်ချောင်းသုံးချောင်း အရိုးတောင် ပေါ်သွားတယ်။ သူက တစ်ချက် စူးခနဲ ထပ်အော်ပြီး၊ အသံက စူးလိုက်တာများဆိုတာ ရေခဲစ အလွှာလေးလိုမျိုး။ တွန့်လိမ်သွားပြီး ခုတင်ပေါ်ကို ဝုန်းခနဲ ပစ်ကျတယ်။ ကျုပ်လည်း နောက်ထပ်တစ်ချက်ပြီး တစ်ချက် သွေးများများထွက်အောင် လှီးရပြန်ရော။ ကျုပ်လှီးတာ အားလုံးပေါင်း ငါးချက်။ သူက ကျုပ်ကို ဒဏ်ရာမရထားတဲ့ လက်နဲ့ လှမ်းကုတ်တဲ့အချိန် စွတ်ထားတဲ့ အိတ်က ပြုသွားတယ်။ ဒါပေမဲ့ မျက်နှာတစ်ခုလုံး လွတ်သွားအောင် မဖယ်လိုက်နိုင်ရှာပါဘူး။ ဆံပင်တွေက လည်ပင်းက ဒဏ်ရာတွေနားမှာ သွေးတွေနဲ့ လုံးနေလို့ ဆွဲကြိုးချထားသလိုကြီး ဖြစ်နေတာပေါ့။

ကျုပ်နောက်ထပ် နှစ်ချက် လည်ပင်းကို ထပ်လှီးတယ်။ တစ်ချက်ကတော့ သူမရဲ့ လေပြွန်ကို တိခနဲ ပေါ်လာစေတယ်။ နောက်ဆုံးတစ်ချက်ကတော့ မေးကို

mgyoe.com

mgyoe.com
SAMPLE BOOK


ချော်ပြီးလှိုးမိတာ အားရပါးရ ပြုံးနေသလိုကြီး ဖြစ်ကရောပဲ။ အဲဒီတစ်ချက်က ဘယ်လောက်ထိ ကြီးသွားလဲဆိုရင် နားရွက်နားအထိရောက်ပြီး အောက်က သွားတွေကိုပါ မြင်ရတဲ့အထိပဲ ဆိုပါတော့။ သူမလည်း တဖြည်းဖြည်းနဲ့ အားပျော့လာပြီး ခြသေ့်တွေ အစာစားရင် နင်နေတဲ့ အသံလိုမျိုး အသံကြီး ထွက်နေတယ်။ လည်ပင်းက သွေးတွေဆိုတာလည်း နေရာအနှံ့ကို ပန်းထွက်တာများ ခုတင် ခြေရင်းထိ ရောက်တယ်။ ကျုပ်စိတ်ထဲမှာတော့ အဲဒါတွေက ညနေတုန်းက သောက်ထားတဲ့ ဝိုင်တွေများလားလို့တောင် တွေးနေမိသေးတယ်။

သူက ခုတင်ပေါ်ကနေ ဆင်းပြေးဖို့ ကြံတယ်။ ကျုပ် ပထမတော့ ကြောင်နေသေးတယ်။ နောက်မှ သတိဝင်ပြီး ဒေါသထွက်လာတော့တယ်။ ကျုပ်တို့ လက်ထပ်ပြီး အတူနေခဲ့တဲ့ သက်တမ်းတစ်လျှောက် ကောင်းကျိုးမပေးခဲ့တာ ခုလို သေခွဲခွဲကြမယ့်အချိန်ထိ ဒုက္ခပေးနေတုန်း။ ဒါပေမဲ့ ကျုပ်လည်း ဘာများ ထပ်မျှော်လင့်နိုင်ဦးမှာ မို့လဲ။

"အဖေ. . . အဖေ. . . လုပ်ဦးလေဗျာ။ ရပ်အောင်လုပ်လေဗျာ။ ဘုရားကယ်တော်မူပါ။ အဖေ လုပ်ပါဦးဗျ"

ဟင်နရီ ကြောက်လန့်တကြား အော်တော့တာပါပဲ။

ကျုပ်က အရမ်းထန်နေတဲ့ လင်ယောကျ်ားတစ်ယောက်လို သူ့အပေါ် ခုန်အုပ်လိုက်ပြီး ခုတင်ပေါ် ဆွဲတင်၊ သွေးတွေနဲ့ ရွှဲနစ်နေတဲ့ ခေါင်းအုံးနဲ့ ပြန်ဖိထားလိုက်တယ်။ သူ့ရဲ့ လည်ပင်းအပြတ်ကြီးကနေ ကြောက်စရာကောင်းတဲ့ အသံကြီးက ထပ်ထွက်လာပြန်ရော။ ပြီးတော့ မျက်လုံးတွေက မျက်ရည်တွေ အပြည့်နဲ့ သနားစရာ မျက်ဖြူလန်နေရှာတယ်။ ကျုပ်က သူ့ဆံပင်တွေကို စောင့်ဆွဲပြီး နောက်ကို ဆွဲလှန်၊ လည်ပင်းကို ခပ်နက်နက် ထပ်လှီးချလိုက်တယ်။ ပြီးတော့ ကျုပ်က ခုတင်တိုင်ကို ကိုင်ထားတဲ့ လက်ကိုလွှတ်လိုက်ပြီး ခေါင်းကိုပဲ အတင်းဖိထားလိုက်တယ်။ လည်ပင်းက သွေးလွှတ်ကြောမကြီးက ခုန်နေတုန်းပဲ။ အဲဒီအကြောထဲက စင်လာတဲ့ သွေးတွေက ကျုပ်မျက်နှာပေါ်မှာ အပြည့်ပေါ့။ နှာခေါင်း၊ မေးစေ့၊ မျက်ခုံးအထိ အဲဒီ သွေးပူပူတွေက တက်စင်တာ။

ကျုပ်ရဲ့နောက်မှာတော့ ဟင်နရီ။ မအော်တော့ဘူး။ ကျုပ်လှည့်ကြည့်လိုက်တော့ ဘုရားသခင်ရဲ့ သနားကရုဏာတော်ကြောင့် သူက သတိလစ်နေပြီ။ အာတီလက်ရဲ့ ရုန်းကန်မှုကတော့ ငြိမ်စပြုလာပြီ။ သူ လုံးဝ ငြိမ်သွားတဲ့အထိ ကျုပ်က အပေါ်ကနေ တက်ဖိထားတုန်းပဲ။ ကျုပ်တစ်ကိုယ်လုံးလည်း သူ့သွေးတွေ

mgyoe.com

ရွဲနစ်လို့ပေါ့ဗျာ။ သူက ဘယ်တော့မှ အနုနည်းနဲ့ မရတာကို ကျုပ်ပြန်သတိရနေမိတယ်။ ကျုပ် ဒီလိုလုပ်ထားမိတာ မှန်သွားတယ်ဗျ။ နောက်ထပ် စက္ကန့်သုံးဆယ်လောက် ကြာတော့ သူ့ခေါင်းက အရှေ့ကို အားနဲ့ ထောင်လာတာများ ကျုပ်တောင် လွင့်ထွက်သွားတော့ မတတ်ဘဲ။ *"လုပ်လိုက်စမ်းဟ"* ကျုပ် စိတ်ထဲကနေ ကြုံးဝါးလိုက်မိတယ်။ ပါးစပ်ကနေတောင် ထုတ်ပြောမိလား မပြောတတ်တော့ပါဘူး။ ကျုပ် မမှတ်မိတော့ဘူး။

*"တခြားဟာတွေကို. . . ဘာပဲဖြစ်ဖြစ် မှတ်မိလို့ရတယ်. . . ဒီကိစ္စတော့ မပါပါရစေနဲ့ ဘုရား။ ကယ်တော်မူပါ"*

သူ ငြိမ်သွားပြန်တယ်။ ကျုပ်က နာရီသံတစ်ချက်ချက်ကို အချက် ၃၀ ပြည့်အောင် စောင့်တယ်။ နောက်ထပ် အချက် ၃၀ ထပ်စောင့် ပြန်တယ်။ ပိုသေချာသွားအောင်လို့။ ကြမ်းပြင်ပေါ် မှာတော့ ဟင်နရီက တွန့်လိမ်ရင်း ညည်းညူနေတယ်။ သတိရလာတော့ ထထိုင်လာတယ်။ သူက ပြီးတော့ အခန်းအစွန်ဆုံးကို တွားသွားရင်း ထောင့်မှာ ကွေးပြီး ခွေနေတယ်။

"ဟင်နရီ"

ကျုပ်က ခေါ် လိုက်တယ်။ ထောင့်မှာ ခွေနေတဲ့ အဲဒီကောင်ဆီက ဘာသံမှ မကြားရဘူး။

"ဟင်နရီ. . . သူ သေသွားပြီကွ။ ငါ့ကို ကူဦးဟ"

မလှုပ်မယှက်ပဲ။

"ဟင်နရီ ခုမှတော့ သိပ်နောက်ကျသွားပြီကွ။ လုပ်စရာရှိတာလည်း လုပ်ပြီးသွားပြီ။ မင်းထောင်ထဲ မသွားချင်ရင် ပြီးတော့ မင်းအဖေ ငါ့ကို လျှပ်စစ်ခုံပေါ် မတက်စေချင်ရင် ခုချက်ချင်း ထရပ်ပြီး လာကူစမ်း"

သူက ဒယိမ်းဒယိုင်နဲ့ ခုတင်ဆီကို လျှောက်လာတယ်။ မျက်လုံးထဲကို ဆံပင်တွေက ဝင်လို့။ သူ့မျက်လုံးထဲက အရောင်တောက်တောက်က ချုံပုတ်နောက်ကွယ်မှာ ပုန်းနေတဲ့ သားကောင်တစ်ကောင်လိုမျိုး။ သူက သူ့နှုတ်ခမ်းတွေကို အဆက်မပြတ် လျှာနဲ့ သပ်နေတယ်။

"သွေးအိုင်ထဲကို မနင်းနဲ့ လေကွာ။ တို့ထင်ထားတာထက်တောင် ပိုပွသွားသေးတယ်။ အတော်ရှင်းရမယ်ဟ။ ခုတော့ သွေးတွေ တစ်အိမ်လုံး တစ်ဘောက်ဘောက် မပွနေစေချင်ရင်တော့ သေချာလုပ်ရမယ်"

"ကျုပ် အမေ့ကို ကြည့်ရမှာလား အဖေ။ ကျုပ်ကြည့်ရမှာလား"

mgyoe.com

"မလိုဘူး။ ငါတို့နှစ်ယောက်လုံး ကြည့်စရာ မလိုပါဘူး"

ကျုပ်တို့ သူ့ကို အိပ်ရာခင်းဂွမ်းကပ်ထဲ ထည့်ပြီး လိပ်လိုက်တယ်။ ပြီးတော့မှ ကျုပ်တို့ အိမ်ထဲကနေ ဒီအတိုင်း သယ်သွားလို့ မဖြစ်ဘူးဆိုတာ သိလာတယ်။ စိတ်ကူးထားတုန်းကတော့ သေသေသပ်သပ်လေး လှိုးထားတဲ့ လည်ပင်းကနေ ထွက်တဲ့ သွေးဆိုတာက လမ်းတစ်လျှောက်မှာ ကျလှ တစ်စက်နှစ်စက်ပေါ့။ အဲဒီတုန်းက အမှန်ကို မမြင်ခဲ့မိဘူး။ အဖြူရောင် ဂွမ်းကပ်ဆိုတာ သွေးတွေနဲ့ ပြည့်ပြီး မီးမှောင်မှောင်မှာ ပန်းခရမ်းရောင်တောင် သန်းနေရော။ ပြီးတော့ အဲဒီ ဂွမ်းကပ်ကို စိမ့်ပြီး သွေးကတစ်တောက်တောက်နဲ့ ကျတာ။

နောက်ထပ် အိပ်ရာခင်း ဂွမ်းကပ်က ဘီဒိုထဲမှာ ရှိသေးတယ်။ အဲဒီအချိန်မှာတောင်မှ ကျုပ်အမေက မင်္ဂလာ လက်ဖွဲ့ပေးထားတဲ့ ပစ္စည်းကို ဒီလို သုံးပစ်တာများ မြင်လိုက်ရရင် အမေ ဘာပြောလိမ့်မလဲလို့ မတွေးမိဘဲ မနေနိုင်အောင်ပါပဲ။ ကျုပ်က အဲဒီဟာကို ကြမ်းပေါ် ဖြန့်ခင်းလိုက်တယ်။ ပြီးတော့ အလောင်းကို အဲဒီပေါ် တင်တယ်။ လိပ်လိုက်တယ်။

"မြန်မြန်လုပ်။ ထပ်ပြီး စိမ့်မလာအောင်"

ကျုပ်က လောလိုက်တယ်။

"နေဦး. . . မီးအိမ်တစ်ခုလောက် သွားယူစမ်း"

ဟင်နရီ မီးအိမ်သွားယူတာ ကြာလွန်းတော့ သူ အကြောက်လွန်ပြီး ထွက်များပြေးသွားပြီလားလို့တောင် ထင်လိုက်မိသေး။ ခဏကြာတော့မှ သူ့အိပ်ခန်းဘက်ကနေပြီး ကျုပ်တို့ လင်မယားအိပ်ခန်းဘက်ကို လာနေတဲ့ မီးရောင်ခပ်မှိန်မှိန်ကို လှမ်းတွေ့ရတော့တယ်။ သူ့ရဲ့မျက်နှာဖြူရော်ရော်ပေါ်မှာ စီးကျနေတဲ့ မျက်ရည်စီးကြောင်းကို မီးအိမ်အလင်းရောင်နဲ့ လှမ်းမြင်နေရတယ်။

"ဘီဒိုပေါ် တင်ထားလိုက်"

သူက မီးအိမ်ကို ကျုပ်ဖတ်လက်စ စာအုပ်ရဲ့ ဘေးမှာ တင်ထားလိုက်တယ်။ စင်ကလဲရား လူးဝစ်ရဲ့ "မိန်းစတွိ" ဆိုတဲ့ စာအုပ်လေ။ ဖတ်လို့ကို မပြီးနိုင်ဘူး ဖြစ်နေတာ။ မီးရောင်အောက်မှာ ကျုပ်က သွေးစီးကြောင်းနဲ့ ခုတင်ဘေးက သွေးအိုင်ကို လက်နဲ့ ထိုးပြလိုက်တယ်။

"အထုပ်ထဲကနေ ထပ်ထွက်နေပြန်ပြီ။ သူ့မှာ ဒီလောက်သွေးတွေ အများကြီး ရှိမှန်း. . ."

ကျုပ်က ခေါင်းအုံးတွေကို အစွပ်တွေထဲကနေ ထုတ်ပြီး ခေါင်းအုံးစွတ်

gyoe.com

mgyoe.com

တွေကို ထိပ်နှစ်ဘက်မှာ ခြေအိတ်စွပ်သလို စွပ်လိုက်တယ်။

"မင်းက ခြေထောက်က ကိုင်။ ငါတို့ ဒါကို ခုလုပ်မှ ဖြစ်မယ်။ နောက်တစ်ခါ ထပ်မေ့မလဲနဲ့တော့နော်။ ငါတစ်ယောက်တည်း မနိုင်ဘူး"

"အိပ်မက်သာ ဖြစ်လိုက်ပါတော့ဗျာ"

ပါးစပ်က ပွစိပွစိ ပြောနေပေမယ့် သူ့လက်တွေက အထုပ်ကို ကုန်းပြီး မလိုက်တယ်။

"အဖေ ဒါအိပ်မက်တွေ မဟုတ်လားဗျ"

"ဒီလိုပဲ မှတ်ထားလိုက်ကြတာပေါ့ကွာ။ ဒီနေ့ကနေစပြီး နောက်တစ်နှစ်လောက်ကြာရင် တကယ်ဒီအတိုင်း ဖြစ်သွားမှာပါ"

ကျုပ်ရဲ့ ကိုယ်တွင်းက တစ်စိတ်တစ်ပိုင်းက အဲဒီအတိုင်း တကယ်ကို ယုံကြည်နေမိတယ်။

"မြန်မြန်လုပ်။ မဟုတ်ရင် ခေါင်းအုံးစွပ်ထဲကနေရော ဂွမ်းကပ်စောင်ထဲကနေပါ စိမ့်ထွက်ကုန်လိမ့်မယ်ကွ"

ကျုပ်တို့က အလောင်းကြီးကို ခန်းမကို ဖြတ်၊ ဧည့်ခန်းကို ဖြတ်ပြီး တံခါးမကြီးကနေ ပရိဘောဂ သယ်သလို သယ်လာကြတယ်။ လှေကားထစ်ကနေ ဆင်းလိုက်ပြီးတော့ ကျုပ်စိတ်ထဲက နည်းနည်း ပေါ့သွားတယ်။ တံခါးဝမှာ ရှိတဲ့ မြေကြီးပေါ်က သွေးစက်တွေက အလွယ်တကူ ရောသွားမှာပဲလေ။

နွားတင်းကုပ် ထောင့်ချိုးကို ကျော်ပြီး ရေတွင်းပျက်နားရောက်တဲ့ အထိ ဟင်နရီက အကောင်းပါပဲ။ အဲဒီရေတွင်းပျက်က မတော်တဆ ခြေချော်ပြီး ပြုတ်မကျသွားအောင် သစ်သားတွေနဲ့ ဝင်းခတ်ပြီး သစ်သားနဲ့ပဲ အဖုံး,ဖုံးထားတာ။ မြင်နေရတဲ့ သစ်သားတိုင်တွေက လရောင်အောက်မှာ ချောက်ချားစရာ ကောင်းနေတယ်။ ဟင်နရီကလည်း ရုတ်တရက် ထငိုပါရော။

"အမေ့အတွက် အုတ်ဂူလေးတောင် မရှိရှာဘူးဗျာ"

သူက အဲဒီလောက်ပဲ ပြောရင်းနဲ့ တင်းကုပ်နောက်က မြက်တောလေးကို ကျော်လာတော့ တရှုံ့ရှုံ့လောက်ပဲ ရှိတော့တယ်။ ရုတ်တရက် ကျုပ်လက်ထဲ အလောင်းရဲ့ အလေးချိန်ကို ကျုပ်တစ်ယောက်တည်း မ,ထားရသလို ခံစားလာရတယ်။ ကျုပ်ကလည်း အဲဒီအထုပ်ကို ခဏချထားပြီး သူ့ကို ခဏ ပေးနားလိုက်ဖို့ တွေးမိတယ်။ (ထုပ်ထားတဲ့ အထုတ်ကလည်း ပုံပျက်ပြီး ဓားနဲ့ အမွှန်းခံထားရတဲ့ လက်တစ်ဖက်က အပြင်ကို ထွက်လို့) သားကို ခဏပေးပြီး လှဲနေစေလိုက်တာ

mgyoe.com

mgyoe.com
SAMPLE BOOK


ပိုပြီး သနားကြင်နာရာ ရောက်မလားလို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုနဲ့ ကျုပ်လည်း အလောင်းကို တရွတ်ဆွဲလာပြီး ရေတွင်းနားရောက်တော့ ရေတွင်းအဖုံးကို ဖွင့်ဖို့ ခဏ ချလိုက်တယ်။ ရေတွင်းနှုတ်ခမ်းစပ်နားက တိုင်နှစ်တိုင်ကို မှီလိုက်ပြီး အဖုံးကို ဖွင့်လိုက်တော့ အတွင်းက လေက ပြန်တက်လာပြီး ကျုပ်မျက်နှာကို လာဟပ်တယ်။ ရေသိုးတွေနဲ့ အညစ်အကြေးပုတ်နံ့ကို ဟောင်နေတာပဲဗျာ။ ညတုန်းက တနင့်တပိုး စားထားတဲ့ ညစာတွေက ခုတော့ ဗိုက်ထဲမှာ စစ်ပွဲဖြစ်ကုန်ပြီ။ ကျုပ်က တိုင်နှစ်တိုင်ကို ဟန်ချက်ညီအောင် ထိန်းထားပြီး ခါးကို ကိုင်းပြီး စားထားတဲ့ ညစာရယ် သောက်ထားတဲ့ ဝိုင်နည်းနည်းရယ် အန်ပစ်လိုက်တယ်။ အောက်ခြေမှာ ရှိတဲ့ ရေစပ်စပ်ထဲကို ကျသွားတဲ့ ကျုပ်ရဲ့ အန်ဖတ်တွေဆီက ပဲ့တင်သံတောင် လာနေသေး။ လွန်ခဲ့တဲ့ ရှစ်နှစ်လုံးလုံး ကျုပ်မှတ်ဉာဏ်ထဲမှာ ရှိနေတဲ့ အသံတစ်သံ မထွက်လာခင် ဖြစ်နေတဲ့ ပဲ့တင်သံပေါ့။ ညလယ်ခေါင်မှာ အဲဒီပဲ့တင်သံကို ကြားယောင်ရင်း ကျုပ်က သစ်သား တန်းတွေကို လက်ဖဝါးထဲ မြုပ်အောင် ဆုတ်ကိုင်ထားရင်း အသက်ကို ချမ်းသာပေးဖို့ ကယောင်ကတမ်း အော်ဟစ် တောင်းပန်ရင်း နိုးလာခဲ့ရတဲ့ ညတွေလည်း မနည်း တော့ပါဘူး။

ကျုပ်က ရေတွင်းဘောင်ကနေ အာတီလက်ရဲ့ အလောင်းရှိတဲ့ နေရာအထိ ပြန်ဆုတ်လာလိုက်တယ်။ ပြီးတော့ ကျုပ်လဲကျသွားတယ်။ ဓားနဲ့ အမွှန်းခံထားရတဲ့ လက်က ကျုပ်မျက်နှာနဲ့ နီးနီးလေးရယ်။ ကျုပ်က အဲဒီလက်ကို အထုပ်ထဲ ပြန်ထည့်ပြီး ကလေးတွေကို ချော့သလိုမျိုး ပုတ်လိုက်မိသေးတယ်။ ဟင်နရီကတော့ ပေါင်း မြက်တွေကြားမှာ လက်မောင်းကို ခေါင်းအုံးလို့ လှဲနေလေရဲ့။ သူ့ကို ကြည့်ရတာ ကောက်ရိတ်ပြီးချိန် ပင်ပန်းလာလို့ အိပ်ပျော်နေတဲ့ ကလေးလေး တစ်ယောက်လိုပဲ။ ကျုပ်တို့ရဲ့ အပေါ်မှာတော့ ကြယ်ပွင့်တွေက တလက်လက်တောက်ပလို့။ ကျုပ်က ကျုပ်အဖေ သင်ပေးခဲ့တဲ့ ကြယ်ကြည့်နည်းအတိုင်း ကြယ်အုပ်စုတွေကို မြင်နေရ တယ်။ အဝေးမှာတော့ ကော့တရီးမိသားစုက မွေးထားတဲ့ ခွေးကြီးက တစ်ချက် နှစ်ချက် ဟောင်ပြီး ပြန်တိတ်သွားတယ်။ ကျုပ်က ဒီလိုညမျိုးက ဘယ်တော့မှ ပြီးဆုံးမှာ မဟုတ်တော့ဘူးလို့ တွေးနေမိတာကို သတိရမိသေး။ မှန်နေတာပဲလေ။ ကျုပ်အတွက် ဘယ်တော့မှ မပြီးတော့မယ့် ညမျိုးပေါ့။

ကျုပ်က အထုတ်ကို ကောက်မလိုက်တော့ အထဲက တစ်ချက် တွန့်သွား တယ်လို့ ခံစားလိုက်ရတယ်။

ကျုပ်တောင့်သွားပြီး နှလုံးခုန်တာ ရပ်သွားတော့မတတ်ပဲ။ ငါထင်တာ

mgyoe.com

 mgyoe.com SAMPLE BOOK 

မဟုတ်ပါစေနဲ့ လို့ ကျုပ်ဆုတောင်းနေမိပြီး နောက်တစ်ကြိမ်များ ထပ်ဖြစ်ဦးမလားလို့ ရပ်နေမိတယ်။ မဟုတ်ရင်လည်း သူ့လက်က အထုတ်ထဲကနေ ထွက်လာပြီး ကျုပ်ရဲ့ လက်ကောက်ဝတ်ကိုများ လာဆုတ်ကိုင်လေမလားပေါ့။

တကယ်ကတော့ ကျုပ်ထင်ထားသလိုမျိုး ဘာမှ ထပ်မဖြစ်တော့ပါဘူး။ စိတ်က ထင်တာပါ။ အဲဒီတော့ ကျုပ်က သူမကို ရေတွင်းပျက်ထဲ ပစ်ချလိုက်တော့တယ်။ အထုပ်က ခေါင်းအုံးစွပ်နဲ့ မထုတ်ထားမိတဲ့ အပိုင်းကနေ စပွင့်သွားတော့တာပဲ။ ရေထဲကို ကျသွားတဲ့ ဗွမ်းခနဲ အသံက ကျုပ်အန်တုန်းကထက် အများကြီး ကျယ်တာပေါ့။ အောက်ခြေမှာ ရေအများကြီး မရှိတာ သိပေမယ့် အလောင်းကို လွှမ်းသွားပါစေလို့တော့ ကျုပ်ဆုတောင်းမိနေတုန်းပဲ။ ဒါပေမဲ့ အဲဒီ ဗွမ်းခနဲ အသံက အဲဒီလို မဖြစ်ဘူးဆိုတာ ပြနေတယ်လေ။

ရုတ်တရက် အနောက်ဘက်ကနေ ရယ်လိုက်တဲ့ အသံနက်ကြီးက ကျုပ်နဲ့ အရမ်းနီးပြီး ကျုပ်ရဲ့ နောက်ကျောအပြင် လည်ကုတ်အထိပါ ကြက်သီးမွေးညှင်းတွေ တစ်ကိုယ်လုံး ထောင်ထသွားမိတဲ့ အထိပဲ။ ဟင်နရီက မတ်တတ်ထရပ်ပြီး ကျုပ်အနားရောက်လာတာ။ မဟုတ်သေးဘူး။ အဲဒါထက်ပိုတယ်ဗျ။ သူက နွားတင်းကုပ်နောက်နားမှာ ရပ်နေပြီး ကြယ်ကြွေတာကို လက်ပြရင်း အသည်းအသန် ရယ်နေတာဗျ။

*"မေမေ ရေတွင်းပျက်ထဲကို ကျသွားတာ တို့မှုပြီ××× ကြောက်ရမယ့်သူ မရှိတော့ပြီ×××"* တဲ့။ သီချင်းတောင် ဆိုနေသေးတာ။

ကျုပ်က ခြေသုံးလှမ်းထဲနဲ့ သူ့နားရောက်အောင်သွားပြီး သူ့မျက်နှာပေါ်မှာ လက်ချောင်းရာတွေ ထင်တဲ့အထိ အားနဲ့ ရိုက်ထည့်လိုက်တယ်။

"ပါးစပ်ပိတ်ထားစမ်း။ မင်းအသံက ဘယ်အထိရောက်သလဲ။ သူများတွေ ကြားသွားမယ်ကွ။ ဟိုမှာကြည့်စမ်း စောက်ရူးလေး။ မင်းအသံကြောင့် ဟိုခွေး နိုးသွားပြန်ပြီကွ"

ခွေးကြီးက နှစ်ကြိမ် သုံးကြိမ်လောက် ဟောင်တယ်။ ပြီးတော့ တိတ်ဆိတ်သွားပြန်တယ်။ ကျုပ်က ဟင်နရီ့ ပခုံးကို ဖက်ရင်း ခေါင်းထဲက တဒုတ်ဒုတ် မြည်သံကို ရပ်ပြီး နားထောင်နေမိကြတယ်။ ချွေးတွေက လည်ပင်းကနေ စီးကျလို့။ ခွေးကြီးက နောက်တစ်ကြိမ် ထပ်ဟောင်ပြီးတော့ လုံးဝမဟောင်တော့ဘူး။ အကယ်လို့များ ကော်တရီးမိသားစုတွေ နိုးလာခဲ့ရင်လည်း ဒါက ရှဉ့်လေးတွေကို ဟောင်တာပဲ ဖြစ်မှာပါလို့ ထင်သွားမှာပါပဲ။ ကျုပ်အထင်ပေါ့လေ။

mgyoe.com

"အိမ်ထဲဝင်။ ဒီထက်ဆိုးတာတွေ ကျန်သေးတယ်"

"ကျန်သေးတယ် ဟုတ်လား အဖေ"

သူက ကျုပ်ကို ကြောင်တောင်တောင်နဲ့ ကြည့်နေတယ်။

"ဟုတ်တယ်။ နောက်တစ်ကြိမ် မေ့လဲဦးမလို့လား"

"ကျုပ် မေ့သွားလို့လား"

"အေး"

"ကျုပ် နေကောင်းပါတယ်ဗျ။ ကျုပ်က. . . ကျုပ်က ဘာကို ရယ်မိမှန်းကို မသိတော့ဘူး။ ကျုပ်စိတ်တွေ ရှုပ်နေတယ်။ ခုတော့ ကျွတ်ပြီ။ ကျုပ်တို့ ကျွတ်ပြီ လွတ်ပြီဗျ။ အားလုံး ပြီးသွားပြီ"

သူ့မျက်နှာပေါ်မှာ အပြုံးတစ်စက ဖြတ်ပြေးသွားတယ်။ ပြီးတော့မှ အဘွားရှေ့မှာ မဟုတ်တရုတ် ပြောမိတဲ့ ကလေးလေး တစ်ယောက်လို သူ့ပါးစပ်ကို ကမန်းကတန်း လက်ဝါးနဲ့ ပိတ်ရှာတယ်။

"ဟုတ်တယ်။ အားလုံး ပြီးသွားပြီ။ တို့ ဒီမှာ ဆက်နေလို့ရပြီ။ မင်းအမေက စိန့်လူဝီ သို့မဟုတ် ချီကာဂိုကို ထွက်ပြေးသွားတယ်။ တို့သားအဖ ဒီမှာ ကျန်ခဲ့တယ်"

"အမေက. . ."

သူ့မျက်လုံးတွေက ရေတွင်းပျက်ဆီကို ဆွေပြီး ကြည့်နေတယ်။ ရေတွင်း ဘောင် သစ်သားချောင်းတွေပေါ်မှာ ဖြစ်သလို တင်နေတဲ့ ရေတွင်းအဖုံးက ကျုပ်တို့ သားအဖကို လှောင်ရယ်နေသလိုမျိုး။

"ဟုတ်တယ်. . . ဟန့်ခ်။ သူထွက်ပြေးသွားတယ်"

သူ့အမေက ကျုပ်သူ့ကို ဟန့်ခ်လို့ ခေါ်တာ အရမ်းမုန်းတာ။ အဲဒီလို မုန်းကြောင်းလည်း ခဏခဏ ပြောတယ်။ ခုတော့ မပြောနိုင်တော့ဘူးလေ။

"ကျုပ်တို့နှစ်ယောက်ကို ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့တာ။ ကျုပ်တို့ကတော့ စိတ်မကောင်းဘူးပေါ့ကွာ။ ဒါပေမဲ့ လုပ်စရာရှိတာတွေကလည်း စောင့်နေလို့ မရဘူးကွ။ မင်းရဲ့ ကျောင်းတက်တာလည်း ဒီအတိုင်းပဲ"

"ကျုပ်ကလည်း. . . ရှန္ဒန်နဲ့ သူငယ်ချင်းဖြစ်လို့ ရသေးတယ် မဟုတ်လား"

"ရတာပေါ့ကွ"

ကျုပ်က ပြောလိုက်တယ်။ ဒါပေမဲ့ လက်ခလယ်နဲ့ ပေါင်ခြံကို ဝိုက်ပြနေတဲ့ အာတီလက်ရဲ့ အမူအရာကိုတော့ ကျုပ်မျက်စိထဲ မြင်ယောင်မိနေတာပေါ့။

"ဆက်ပြီး သူငယ်ချင်း ဖြစ်ခွင့်ရှိတယ်။ ဒါပေမဲ့ မင်းအနေနဲ့ ရှန္ဒန်ကို

myoe.com

mgyoe.com

SAMPLE BOOK


ဒီကိစ္စကို ပြောချင်စိတ် ဖြစ်လာခဲ့ရင်တော့. . ."

သူ့မျက်နှာပေါ်မှာ အကြောက်တရားတွေက ဖုံးဖိမရအောင် ထွက်လာတယ်။

"ဘယ်တော့မှ မပြောပါဘူး"

"အေး။ မင်းဒီလို သဘောပေါက်တဲ့အတွက် ငါဝမ်းသာပါတယ်။ ဒါပေမဲ့ တစ်နေ့နေ့မှာ အဲဒီ ဖွင့်ပြောချင်စိတ်က ဖြစ်လာမှာပဲ။ အဲဒီလို ဖွင့်ပြောလိုက်တဲ့ အချိန်က သူက မင်းဆီကနေ ထွက်ပြေးသွားမယ့်အချိန်ဆိုတာကို မင်းဘယ်တော့မှ မမေ့နဲ့"

"ဟုတ်တာပေါ့။ သူက ပြေးသွားမှာပေါ့"

သူက တိုးတိုးလေး ရေရွတ်တယ်။

"ကဲ အိမ်ထဲကို သွား။ စတိုခန်းထဲက ရေပုံးနှစ်ပုံး ထုတ်လာခဲ့။ တင်းကုပ်ထဲက နွားနို့ညှစ်တဲ့ ပုံးတွေပါ ယူလာခဲ့ရင် ပိုကောင်းမယ်ကွ။ မီးဖိုခန်းထဲက ဘုံဘိုင်ကနေ ရေဖြည့်လာခဲ့။ ပြီးတော့ ဘေစင်အောက်မှာထားတဲ့ ဆပ်ပြာရည်ပါ ဖျော်လာခဲ့ကွာ"

"ရေနွေးလိုသေးလား"

ကျုပ်က ကျုပ်အမေရဲ့ စကားကို ပြန်ကြားယောင်မိတယ်။ သွေးပေရင် ရေအေးနဲ့ ဆေး. . . သားရဲ့။ မှတ်ထား။

"မလိုဘူး။ ရေတွင်းကို အဖုံးသေချာ ဖုံးပြီးတာနဲ့ အဖေလိုက်လာခဲ့မယ်"

သူက လှည့်ထွက်သွားဟန် ပြင်ရင်းကနေ ကျုပ်ရဲ့လက်မောင်းကို ဆုတ်ကိုင်လိုက်တယ်။ သူ့လက်တွေက ရေခဲတုံးလို အေးစက်နေတာပဲ။

"ဘယ်သူ့မှ မသိစေရပါဘူး အဖေ"

သူက ကျုပ်မျက်နှာကို စေ့စေ့ကြည့်ရင်း တိုးတိုးလေး ပြောတယ်။

"ဘယ်သူ့မှ ကျုပ်တို့လုပ်တာကို မသိစေရပါဘူး"

"ဘယ်သူ့မှ မသိစေနဲ့နော်"

ကျုပ် ပြန်ပြောလိုက်တဲ့ အသံက ကိုယ့်အသံတောင် ကိုယ်မမှတ်မိဘူးရယ်။ အားလုံး မှားယွင်းကုန်ပြီ။ ပြီးခဲ့တဲ့ ကိစ္စတွေက ပြန်ပြင်လို့ မရတော့သလို အိပ်မက်လည်း မဟုတ်တော့ဘူး။

"သူ ဘယ်တော့မှ ပြန်မလာတော့ဘူး မဟုတ်လား"

"ဘာကွ"

mgyoe.com

mgyoe.com
SAMPLE BOOK


"သူ ကျုပ်တို့ကို ပြန်လာ မခြောက်လောက်ဘူး မဟုတ်လား"

သူ ပြောတဲ့ ခြောက်ဆိုတဲ့ အသံက ရှောက်ဆိုတာမျိုး အသံထွက်နေတယ်။ အာတီလက်သာ ကြားရင်တော့ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါရင်း မျက်ဖြူစိုက်မယ့်ကိန်း။ အခု ရှစ်နှစ်ကြာတော့မှ ကျုပ်ကိုယ်တိုင် ဒီလို စကားမပီတာ ဘယ်လောက် မုန်းစရာကောင်းမှန်း ခံစားမိတော့တယ်ဗျာ။

"မလာပါဘူးကွ"

ကျုပ်က ပြောလိုက်တယ်။

ဒါပေမဲ့ ကျုပ်မှားသွားတယ်ဗျာ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

ကျုပ်က ရေတွင်းအောက်ကို ငုံ့ကြည့်လိုက်တယ်။ ပေနှစ်ဆယ်လောက်ပဲ နက်ပေမယ့် လရောင်မရှိတဲ့ ညမှောင်မှောင်မှာမို့ စောင်ထုပ်ကို အရိပ်ထဲမှာပဲ မပီမသ မြင်နေရတယ်။ ဒါမှမဟုတ်လည်း ခေါင်းအုံးစွပ်လည်း ဖြစ်နိုင်တာပဲလေ။ ကျုပ်က အဖုံးကို ရေတွင်းနှုတ်ခမ်းနဲ့ အံဝင်အောင် သေချာ ပိတ်လိုက်ပြီး အိမ်ဘက်ကို ပြန်လျှောက်လာလိုက်တယ်။ ကျုပ်က အလာတုန်းက ကျုပ်တို့ အားကြိုးမာန်တက် ကြောက်ကြောက်လန့်လန့် သယ်လာခဲ့တဲ့ လမ်းအတိုင်း ပြန်သွားရင်း သွေးစက်တွေကို တတ်နိုင်သလောက် ဖျောက်ပစ်ဖို့ ကြိုးစားနေမိတယ်။ မနက်လင်းမှ ကောင်းကောင်း ထပ်လုပ်တော့မယ်လေ။

ကျုပ် အဲဒီနေ့ညမှာပဲ သာမန်လူတွေ ဘယ်တော့မှ သိမှာမဟုတ်တဲ့ ကိစ္စတစ်ခုကို ကျုပ်သိခဲ့ရတယ်။ အဲဒါကတော့ လူသတ်မှုဆိုတာ ပြစ်မှုတစ်ခု၊ ငရဲမှာ သစ်ငုတ်တို ဖြစ်မယ်ဆိုတဲ့ကိစ္စအပြင် (လူတစ်ယောက်ရဲ့ စိတ်ထဲ အသည်းထဲမှာ စွဲနေသလိုမျိုးပေါ့။ နောက်ဆုံး တစ်သက်တာ ယုံကြည်လာတဲ့ ဆုံးမစကားတွေက မှန်နေသည် ဖြစ်စေ၊ နောက်ဘဝဆိုတာ မရှိဘူးပဲ ဖြစ်စေ) လူသတ်မှုဆိုတာ အတော် အားစိုက်ရတယ် ဆိုတာပဲ။ ကျုပ်တို့ ခါးတွေ တောင့်ပြီး နာလာတဲ့အထိ ကြမ်းတိုက်ရတယ်။ အိပ်ခန်းထဲ၊ ဟောခန်းထဲ၊ ပြီးတော့ ဧည့်ခန်း။ နောက်ကျတော့ ဆင်ဝင်။ ပြောင်ပြီလို့ ထင်လိုက်တိုင်း တစ်ယောက်မဟုတ် တစ်ယောက်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေရာမှာ ရှိနေတဲ့ နောက်သွေးစက်တစ်စက်ကို တွေ့တာချည်းပဲ။ မနက်ခင်း နေရောင်ခြည် ပျိုးတဲ့အချိန်မှာတော့ ဟင်နရီက ကျုပ်တို့ အိပ်ခန်းရဲ့ ကြမ်းပြင်ပေါ်မှာ ရှိတဲ့ ချက်ပေါက်လေးထဲကို ဒူးထောက် သန့်ရှင်းရေး လုပ်နေပြီး ကျုပ်ကတော့ ဧည့်ခန်းထဲမှာ သွေးတစ်စက်မှ မကျန်ရအောင် တစ်လက်မချင်း ပိုက်စိတ်တိုက် ရှာနေတာပေါ့။ ဒီနေရာမှာ မရှိ နောက်တစ်နေရာမှာ ရှိနေတတ်တာမျိုး။ ဘာနဲ့ တူလဲဆိုတော့ မုတ်ဆိတ်ရိပ်ရင်း စားရှတာမျိုးနဲ့ အလားသဏ္ဌာန်တူတယ်။ ကျုပ်က သန့်ရှင်းရေးလုပ်လိုက်ပြီး ကျုပ်တို့ အခန်းထဲက ဟင်နရီ အခြေအနေဘယ်လို ရှိသလဲလို့ သွားပြန်ကြည့်လိုက်တယ်။ သူ့ကို ကြည့်ရတာ ပိုကြည့်ကောင်းနေသလို ပဲ။ ကျုပ်ကိုယ်ကျုပ်လည်း အဲဒီလိုပဲ မြင်တယ်။ နေရောင်ကြောင့် ဖြစ်မယ်ထင်တယ်။ ကျုပ်တို့ရဲ့ အကြောက်တရားကို ဖယ်ပေးပြီး အလင်းပေးခဲ့တာ။ ဒါပေမဲ့ ကျုပ်တို့ရဲ့ ကြက်ဖကြီး ဂျော့ချ်ရဲ့ စွဲစွဲငင်ငင် တွန်လိုက်တဲ့အသံကို ကြားလိုက်ရတော့ ဟင်နရီ လန့်ပြီး ခုန်တော့တာပဲ။ ပြီးတော့ အရှက်ပြေရယ်တယ်လေ။ ဒီရယ်သံက မှုမမှန်မှန်း သိပေမယ့် ညတုန်းက ရေတွင်းပျက်နဲ့ တင်းကုပ်ကြားမှာ ရယ်ပြီးတဲ့နောက် အသိ ပြန်ဝင်လာလို့ ရယ်တဲ့အသံဆိုတော့ ကျုပ်သိပ်စိတ်မပူမိဘူး။

"ကျုပ်ဒီနေ့ ကျောင်းမသွားနိုင်တော့ဘူး အဖေ။ ကျုပ် အရမ်းပင်ပန်းနေပြီ။ ပြီးတော့ လူတွေက ကျုပ်မျက်နှာပေါ်က အမူအရာကို ဖတ်မိသွားကြလိမ့်မယ်။ အထူးသဖြင့် ရှန္နန်"

ကျုပ်က ကျောင်းကိစ္စကို လုံးဝ ထည့်မစဉ်းစားမိလိုက်ဘူး။ ကမန်းကတန်း လုပ်လိုက်မိတဲ့ အကျိုးဆက်ပေါ့။ စောက်သုံးမကျတဲ့ အစီအစဉ်လေ။ ဒီကိစ္စကို နွေကျောင်းပိတ်ရက်မှ လုပ်ဖို့သင့်တာ။ နောက်တစ်ပတ်လောက်ပဲ စောင့်ရတော့ မယ့်ဟာ။

"တနင်္လာနေ့အထိ ကျောင်းမသွားနဲ့ပေါ့။ ဆရာမမေးရင် ဝမ်းကိုက်နေ တာ တစ်ခန်းလုံး ကူးကုန်မှာစိုးလို့ မလာတာလို့ ပြောလိုက်ပေါ့ကွာ"

"ဝမ်းကိုက်တာတော့ မဟုတ်ပေမဲ့ ကျုပ်တကယ်လည်း နေလို့မကောင်း ဘူး"

ကျုပ်ရောပဲ နေလို့ မကောင်းပါဘူး။

ကျုပ်တို့ သူ့ရဲ့ ချည်ထည်တွေထားတဲ့ ဘီဒိုထဲကနေ အိပ်ယာခင်း တစ်ထည် ယူပြီး ခင်းလိုက်တယ်။ (အိမ်မှာရှိတဲ့အရာရာက သူ့ဟာတွေချည်းပဲ။ ဒါပေမဲ့ ခုက စပြီး သူ့ဟာဆိုတာ မရှိတော့ဘူး) ပြီးတော့ သွေးတွေပေနေတဲ့ အိပ်ရာခင်းတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအပေါ်ကနေ ပုံလိုက်တယ်။ မွေ့ရာလည်း သွေးတွေနဲ့ ပေကျံနေပြီ။ ပစ်ရတော့မယ်။ နေလုံးကြီး သေချာ မထွက်ပြူလာခင် ကျုပ်တို့ ရေတွင်းပျက်ဘက်ကို ပြန်ထွက်လာခဲ့ကြတယ်။ ကောင်းကင်ကြီးကတော့ ကြည်လင်လို့ပေါ့။ ရာသီဥတုက ကိုယ့်ဘက်ပါမယ့်နေ့။

"ကျုပ်အထဲကို မကြည့်ရဲဘူး အဖေ"

"မကြည့်နဲ့ပေါ့ကွ"

ကျုပ်က ပြောပြီး ရေတွင်းအဖုံးကို ကောက်မ,လိုက်တယ်။ ကျုပ်က အဲဒီအဖုံးကို ဖွင့်ထားမိခဲ့ရင်ကောင်းသားလို့ တွေးနေမိတယ်။ ကျုပ်အဖေ ပြောလေ့ရှိသလိုပေါ့ "သေချာစဉ်းစား" လုပ်စရာ မကျန်တော့အောင်လို့။ အဲဒီလို မလုပ်ရဲဘူးဆိုတာလည်း သေချာ သိနေပြန်တယ်။ နောက်ဆုံးတစ်ကြိမ် တွန့်သွားတယ်ဆိုတဲ့ ခံစားချက်ကြီး မရခဲ့ရင်တော့ တမျိုးပေါ့။

ရေတွင်းအောက်ခြေကို မြင်နေရပြီ။ ကျုပ်မြင်လိုက်ရတာ သွေးပျက်စရာကြီး။ သူက ခြေထောက်တွေကို ဖိထိုင်နေတဲ့ ပုံစံမျိုးကြီး ကျသွားတာ။ ခေါင်းအုံးစွပ်က ကွဲသွားပြီး သူ့ပေါင်နားမှာ။ ဂွမ်းကပ်စောင်တွေက ပြေပြီး အမျိုးသမီးတွေ ခြုံနေကျ စောင်ကြီးတစ်ခုကို ကပိုကယို ခြုံထားသလိုမျိုး။ ခေါင်းမှာ စွပ်ထားတဲ့ မိုးကာဖျင်စက ပြုပြီး မျက်နှာကလွတ်၊ လည်ပင်းမှာ ကြိုးကွင်းကြီးစွပ်ထားသလိုမျိုး။ ဝတ်ထားတာကတော့ တစ်ညတစ်လေလောက် ခရီးသွားမယ့် အပြင်အဆင်မျိုး။

ဟုတ်တယ်လေ။ တစ်ညလောက် မြို့ပေါ် သွားမလို့ပေါ့။ ပျော်စရာကြီး။ ဒါကြောင့်မို့လို့ ကျွန်မ ပါးစပ်တွေက နားရွက်အထိ တက်ချိတ်နေတာပေါ့။ ကျွန်မ နှုတ်ခမ်းနီအရောင်က ရဲတွတ်နေတာကော ရှင်သတိထားမိရဲ့လား ဝီလ်။ ကျွန်မ အဲဒီအရောင်မျိုးကို ဘုရားကျောင်းကို ဘယ်တုန်းကမှ မဆိုးသွားဖူးဘူး မဟုတ်လား ရှင်ရဲ့။ မိန်းမတစ်ယောက်က သူ့ယောက်ျားကို အိပ်ရာထဲကကိစ္စတွေ လုပ်ဖို့ မြူဆွယ်တဲ့အခါ ဆိုးတဲ့ အရောင်ပေါ့ရှင့်။ လာစမ်းပါ ဝီလ်ရဲ့။ လှေကား ယူမနေစမ်းပါနဲ့။ ဒီအတိုင်းသာ ခုန်ချလာခဲ့စမ်းပါ။ ရှင် ကျွန်မကို ဘယ်လောက်တောင် တောင့်တနေသလဲဆိုတာ ပြစမ်းပါ။ ရှင် ကျွန်မကို လုပ်တုန်းက လုပ်ခဲ့ပြီးပြီ။ ခုတော့ ကျွန်မက ရှင့်ကို ပြန်ပြီး တလှည့် လုပ်ပါရစေ။

"အဖေ"

ဟင်နရီက တင်းကုပ်ဖက် မျက်နှာလှည့်ထားပြီး အရိုက်ခံရတော့မယ့် လူတစ်ယောက်လို ခါးကုန်းပြီး ကျုပ်ကို လှမ်းခေါ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဆင်ပြေရဲ့လား"

"အေး"

ကျုပ်က အိပ်ရာခင်းထုပ်ကို သူမပေါ်တည့်တည့်ကျပြီး အဲဒီ စပ်ဖြဲဖြဲ မျက်နှာကြီး ဖုံးသွားအောင် ချိန်ပြီး ပစ်ချလိုက်တယ်။ ဒါပေမဲ့ အဲဒီ အိပ်ရာခင်းတွေကလည်း သူမပေါင်ပေါ်ကိုပဲ ကျသွားတယ်လေ။ ခုတော့ သူမပုံစံက သွေးရောင်တိမ်ပေါ်မှာ ထိုင်နေတဲ့ ပုံစံဖြစ်သွားပြီ။

"သူ့ကို ဖုံးသွားပြီလား၊ ဖုံးသွားပြီလား အဖေ"

ကျုပ်က မွေ့ရာကို ကိုင်ပြီး ပစ်ချလိုက်ပြန်တယ်။ အဲဒီဟာက ရေစပ်စပ်လေးရဲ့ဘေးမှာ ကျပြီး ရေတွင်းနံရံကို မှီပြီး သူမကို ဖုံးတယ်ဆိုရုံလေး ဖုံးသွားတယ်။ အနည်းဆုံးတော့ လန်နေတဲ့ ခေါင်းနဲ့ သွားဖြဲပြနေတဲ့ အပြုံးကိုတော့ လုံသွားတယ်ဆိုပါတော့လေ။

"ဖုံးသွားပြီကွ"

ကျုပ်က သစ်သားအဖုံးကို နေသားကျအောင် ပြန်ပိတ်လိုက်တယ်။ နောက်ထပ် လုပ်စရာတွေ အများကြီး ကျန်နေသေးတာကို တွေးနေမိတယ်။ ဒီရေတွင်းကို ထပ်ဖို့ရဦးမှာပေါ့။ ဒါပေမဲ့ တိမ်လို့ တော်သေးတယ်။ အန္တရာယ်တော့ကြီးတယ်။ ဒါကြောင့်လည်း ကျုပ်က ရေတွင်းအစပ်မှာ သစ်ချောင်းတွေ ငုတ်ရိုက်ထားတာပေါ့။

"အိမ်ထဲဝင်ပြီး မနက်စာ စားကြစို့ကွာ"

"ကျုပ်စားနိုင်မှာ မဟုတ်ဘူး အဖေ"

ဒါပေမဲ့ သူစားပါတယ်။ ကျုပ်တို့ နှစ်ယောက်လုံး စားလို့ ဝင်ကြတယ်။ ကျုပ်က ကြက်ဥ၊ ဝက်ပေါင်ခြောက်နဲ့ အာလူးတွေ ကြော်တယ်။ ပြီးတော့ တစ်စက်မှ မကျန်အောင် စားပစ်လိုက်ကြတယ်။ အလုပ်ပင်ပန်းရင် ပိုစားလို့ ဝင်တယ်လေ။ လူတိုင်းသိတာပဲဟာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

ဟင်နရီက နေ့ခင်းအထိ အိပ်ပျော်သွားတယ်။ ကျုပ်ကတော့ မျက်စိကြောင်နေတုန်းပဲ။ မီးဖိုစားပွဲမှာ ထိုင်ပြီး ဘလက်ကော်ဖီတွေ တစ်ခွက်ပြီး တစ်ခွက် သောက်နေမိတယ်။ တစ်ခါတလေကျတော့လည်း ပြောင်းခင်းထဲမှာ အစုန်အဆန် လျှောက်ရင်း ပြောင်းရွက်တွေကို လေတိုးတဲ့အသံကို နားထောင်ရင်းပေါ့။ ဇွန်လ ရောက်လို့ ပြောင်းတွေ စွတ်ရတော့မယ့် အချိန်ကိုရောက်တော့ စကားစ ပြောရပြီလေ။ လူတွေက တီးတိုးတီးတိုး သဖန်းပိုး လုပ်လာကြပေမယ့် (တချို့အရူးတွေက လည်း ပြောင်းတွေက အမှန်တကယ်ကြီးကို ပိုသန်လာတယ်လို့လည်း ပြောကြတာပဲ။) ကျုပ်အတွက်ကတော့ ဆိတ်ငြိမ်မှုကို ရှာတွေ့မြဲပဲ။ ကျုပ်စိတ်တွေကို ရှင်းပေးလေ့ရှိတဲ့ ဆိတ်ငြိမ်မှုမျိုး။ ခုတော့ ကျုပ်က မြို့ပေါ်က ဟိုတယ်တစ်ခုထဲမှာ ထိုင်ပြီး အဲဒီဆိတ်ငြိမ်မှုကို သတိရနေမိတယ်။ မြို့ပြဘဝဆိုတာမျိုးက ကျုပ်လို လယ်ထဲက လူတစ်ယောက်အတွက်တော့ မဟုတ်ဘူးဗျ။ အဲဒီလူအတွက်တော့ ဝဋ်ခံနေရတယ်ဆိုတာထက်ကို ဆိုးတာ။

ဝန်ခံတယ်ဆိုတာ တော်တော်ကြိုးစားရတဲ့ လက်ဝင်တဲ့အလုပ်ပဲနော်။

ကျုပ်က လမ်းတွေလျှောက်တယ်၊ ပြောင်းခင်းထဲက အသံတွေကို နားထောင်တယ်။ ကျုပ်က အစီအစဉ်ချဖို့ ကြိုးစားတယ်။ ချလည်း ချဖြစ်သွားတယ် ဆိုပါတော့။ လုပ်ဖို့လည်း လိုတယ်လေ။ ကျုပ်တစ်ယောက်တည်းအတွက်ဆိုရင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

အရေးလားဗျာ။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် မရှိတရှိလောက်ကဆိုရင် ကျုပ်နေရာမှာ ရှိမယ့် ယောက်ျားတစ်ယောက်က ပူစရာကို မလိုတာ။ ယောက်ျားတစ်ယောက်အတွက် လုပ်အားရှိရင် သူ့ဘာသာ ဆုံးဖြတ်ချက်ချလို့ရတယ်။ အထူးသဖြင့် လူလေးစားခံရတဲ့ လယ်သမားတစ်ယောက်ဆိုရင်ပေါ့။ အခွန်ပုံမှန် ဆောင်မယ်ဗျာ၊ တနင်္ဂနွေတိုင်း ဘုရားကျောင်း ပုံမှန်တက်မယ်ဗျာ၊ ဟမ်းမင်းဖို့စတား ဘေ့စ်ဘောအသင်းကို အားပေးမယ်၊ ရီပတ်ဘလစ်ကန် ပါတီကို အားပေးမယ်ဗျာ။ အဲဒီနေ့ရက်တွေတုန်းကဆို အဲဒီလိုလုပ်တဲ့ လယ်သမားကြီးတွေကို အလယ်အလတ်တန်းစားလို့ ခေါ်ကြတယ်လေ။ ကိစ္စတိုင်းကလည်း ဘာမှ အရေးမကြီးသလိုမျိုး ပြီးသွားကြတာပဲ။ အဲဒီလို အချိန်တုန်းက လူတစ်ယောက်ရဲ့ဇနီးဆိုတာက သူ့ရဲ့ စီးပွားရေး လုပ်ငန်းလိုပဲ။ သူမ ပျောက်သွားရင် မရှိတော့ဘူး ဆိုတာနဲ့ ပြီးသွားရောပဲ။

ဒါပေမဲ့ အဲဒီအချိန်တွေက ပြီးသွားခဲ့ပြီ။ တကယ်လို့ ဆက်ရှိနေဦးမယ်ဆိုရင်တောင်မှ. . . မြေတွေက ရှိသေးတယ်။ ဧက ၁၀၀ တောင်မှ။ ဖာရင်တန်ကုမ္ပဏီက အဲဒီဧက ၁၀၀ ကို သားသတ်စက်ရုံဆောက်ဖို့ ငမ်းငမ်းတက် လိုချင်နေတာ။ အာတီလက်ကလည်း သူတို့ကို ရောင်းမယ်ဆိုပြီး သွားပြောထားတော့ သူတို့လက်ထဲ ကျိန်းသေပေါက် ရောက်လာမယ်လို့ကို ယုံနေတော့မှာ။ အဲဒါက ပြဿနာ။ ပြဿနာဆိုတာက ကြံစည်ထားတဲ့၊ လုပ်ပစ်လိုက်တဲ့ တစ်ဝက်တစ်ပျက် အကြံအစည်တွေက တစ်နေ့ ဘူးပေါ်သလို ပေါ်လာမှာ ဆိုတာပဲ။

နေ့ခင်း ကျုပ်အိမ်ကို ပြန်ရောက်တော့ ပင်ပန်းလွန်းနေပေမယ့် ကျုပ်ရဲ့ ခေါင်းကတော့ ကြည်ပြီး အနည်းဆုံးတော့ စိတ်က တည်ငြိမ်နေပြီလို့ ပြောရမှာပေါ့။ ကျုပ်တို့မွေးထားတဲ့ နွားမကြီးတစ်ချို့က အော်နေကြတယ်။ မနက်က နို့မညှစ်မိလို့။ အဲဒီအလုပ်က ကျုပ်နေ့စဉ်လုပ်တဲ့အလုပ်။ နို့ညှစ်ပြီးရင် ကျုပ်က သူတို့ကို စားကျက်ထဲ နေဝင်ချိန်အထိ လွှတ်ထားပေးလိုက်တယ်။ ညစာ မစားခင် နောက်တစ်ကြိမ် နို့မညှစ်မချင်းပေါ့။ သူတို့ကလည်း သိတာ မဟုတ်ပါဘူး။ နွားတွေ ဆိုတော့ ဘာသိမှာမို့လဲ။ အကယ်လို့များ အာတီလက်က ခုချိန်အထိ အသက်ဆက်ရှင်နေမယ်ဆိုရင် ကျုပ်ကို ဈေးဝယ်ကတ်တလောက်ထဲက အဝတ်လျှော်စက်အသစ်ကို နားပူနားဆာလုပ်နေဦးမှာဗျ။ သူမက သိပ်စကားများတာ။ အထူးသဖြင့်တော့ သူမပိုင် မြေနဲ့ ပတ်သက်လာရင်လေ။ သဘောပေါက်ဖို့ ကောင်းတာက မြေဆိုတာ ယောက်ျားတွေရဲ့ကိစ္စ။

mgyoe.com

mgyoe.com

ဟင်နရီကတော့ အိပ်တုန်း။ တစ်ပတ်လုံးလုံး သူက နေမြင့်တဲ့အထိ အိပ်တယ်။ ကျုပ်ကလည်း ဘာမှမပြောဘူး။ ပေးအိပ်လိုက်တယ်။ နွေရာသီ ကျောင်းပိတ်လို့ရှိရင် သူ့အလုပ် သူလုပ်ရတော့မှာ ဆိုတော့ အိပ်ပါစေလေ။ ဒီကောင်က ညနေတိုင်း အလုပ်ရှုပ်နေတာဗျ။ ကော့တရီးမိသားစုဆီ သွားလည်ရတာနဲ့၊ သူတို့အိမ်နဲ့ ကျုပ်တို့အိမ်နဲ့ ဆက်ထားတဲ့ ဖုန်ထူထူ လမ်းမကြီးပေါ်မှာ ကောင်မလေးနဲ့ လက်တွဲပြီး လမ်းလျှောက်ရတာနဲ့၊ လကြီးထွက်လာတာကို ကြည့်ရတာနဲ့ သူ့မှာ မအားရဘူး။ သူတို့အချင်းချင်း နမ်းမနေရင် ပြီးတာပဲ။ ကျုပ်တို့ လုပ်လိုက်တဲ့ ကိစ္စကြီးက သူတို့ရဲ့ ကြည်နူးခဲ့တဲ့ အချိန်တွေကို မဖျက်ဆီးပစ်လိုက်ရင် တော်ပါပြီ။ ဒါပေမဲ့ အနည်းနဲ့အများတော့ ထိခိုက်သွားတယ်လို့ ကျုပ်တော့ ထင်နေတယ်။ တကယ်လည်း ထိခိုက်သွားတယ်ဗျ။ ကျုပ်ထင်တဲ့အတိုင်း မှန်နေတာပဲ။

ကျုပ်က အဲဒီအတွေးတွေကို ခေါင်းထဲကနေ မောင်းထုတ်ပစ်လိုက်တယ်။ ခုချိန် သူအိပ်နေတယ်။ ဒါဆိုရပြီ။ လုံလောက်ပြီ။ ကျုပ်က ရေတွင်းကို နောက်တစ်ခေါက် ထပ်သွားကြည့်တယ်။ တစ်ယောက်တည်း သွားတာ အကောင်းဆုံးပဲ။ ကျုပ်တို့ရဲ့ ခုတင်ဟောင်းလောင်းက လူသတ်မှုဖြစ်ခဲ့တယ်လို့ပဲ ပြောနေသလိုလို။ ကျုပ်က ဘီဒိုထဲက သူ့အဝတ်တွေကို သွားကြည့်လိုက်တယ်။ မိန်းမတွေမှာ အဝတ်တွေမှ အများကြီးပဲဗျ။ မဟုတ်ဘူးလားဗျာတို့။ စကတ်တွေ၊ ဝတ်စုံတွေ၊ ဘလောက်စ် အင်္ကျီတွေ၊ ဆွယ်တာတွေ၊ ပြီးတော့ အတွင်းခံပုံစံ မျိုးစုံ။ အထူးအဆန်း ကြိုက်တဲ့လူတောင် ဘယ်ဟာက အရှေ့အနောက်မှန်း ခွဲလို့မရတဲ့ ပုံစံမျိုးတွေ။ အားလုံးယူသွားရင်တော့ သံသယ ဖြစ်စရာ ကောင်းလိမ့်မယ်။ ဘာလို့လဲဆိုတော့ ကျုပ်တို့ရဲ့ ထရပ်ကားက တင်းကုပ်ရှေ့မှာတင် ထိုးထားတာ မဟုတ်လား။ ပြီးတော့ အိမ်ရှေ့မှာက မော်ဒယ်တီအမျိုးအစား လူစီးကား။ ဒီတော့ သူ့အနေနဲ့ အထုပ်အပိုး တနိုင်ဆွဲပြီး ခြေကျင်ထွက်သွားတယ်ပေါ့။ ဘာလို့ ကားမယူသွားသလဲ ဟုတ်လား။ စက်နှိုးရင် ကျုပ်က ကြားသွားပြီး သူ့ကို တားမှာစိုးလို့ပေါ့။ ယုတ္တိရှိတယ် မဟုတ်လား။ ဒီတော့ ခရီးဆောင်အိတ်တစ်လုံးပဲ။

ကျုပ်က သူခရီးထွက်ရင် မပါမဖြစ်တဲ့ ပစ္စည်းတွေ၊ ကျိန်းသေပေါက် လိုအပ်မယ့်အရာတွေကို တွေးတောပြီး သေတ္တာထဲ ထည့်လိုက်တယ်။ ပြီးတော့ လက်ဝတ်လက်စား နည်းနည်းနဲ့ သူ့မိဘများပုံ ဘောင်သွင်းထားတဲ့ ဓာတ်ပုံ နှစ်ပုံ သုံးပုံလောက် ထည့်ပေးလိုက်တယ်။ ရေချိုးခန်းထဲက အလှပြင်ပစ္စည်းတွေကို ထည့်ပေးရင် ကောင်းမလား တွေဝေနေရင်းနဲ့ပဲ သူ့ရဲ့ ရေမွှေးပုလင်းနဲ့ ဆံပင်ဖြီးတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဆူးလိပ်ကလွဲရင် ကျန်တာ အကုန်ဒီအတိုင်း ထားလိုက်တယ်။ ခုတင်ဘေးက စားပွဲပုလေးထဲက အံဆွဲထဲမှာ ဘုန်းတော်ကြီး ဟောကင်းက ပေးထားတဲ့ သူဘယ်တုန်းကမှ ထုတ်ဖတ်တာမတွေ့ဖူးတဲ့ သမ္မာကျမ်းစာအုပ် ရှိသေးတယ်။ ကျုပ်က အဲဒါကိုတော့ ဒီအတိုင်း ထားလိုက်တယ်။ ဒါပေမဲ့ သူ လစဉ် ရာသီလာရင် သောက်နေကျ သံဓာတ်အားဖြည့်ဆေးပုလင်းတော့ ပါအောင် ထည့်လိုက်တယ်။

ဟင်နရီကတော့ ခုထိ အိပ်တုန်း။ ဒါပေမဲ့ အိပ်မက်ဆိုးတွေ မက်လို့လားတော့ မသိဘူး။ ဟိုလှိမ့်ဒီလှိမ့် ဖြစ်နေတယ်။ ကျုပ်က သူနိုးလာရင် အိမ်ထဲမှာ ရှိနေအောင်လို့ လုပ်စရာရှိတာတွေကို ခပ်သွက်သွက် လုပ်နေရတယ်။ ကျုပ်က တင်းကုပ်ကိုဖြတ်ပြီး ရေတွင်းပျက်ဆီကို ပြန်သွားပြီး သေတ္တာကို ပစ်ချဖို့ ရေတွင်းအဖုံးကို တတိယအကြိမ်မြောက် မ,ရပြန်တယ်။ ဒီတစ်ကြိမ် ဟင်နရီ မပါလာတာ ဘုရားသခင်ကို ကျေးဇူးတင်မိတယ်။ ကျုပ်မြင်လိုက်ရတာ သူ မမြင်ရတဲ့အတွက်လည်း ဘုရားကို ကျေးဇူးတင်မိပါတယ်ဗျာ။ ဒီမြင်ကွင်းကိုသာ သူမြင်လိုက်ရရင် ရူးသွားမလားပဲ။ ကျုပ်တောင် ရူးချင်ချင်ဖြစ်သွားမိတာ။

မွေ့ရာက ဘေးကို စောင်းလို့။ ပထမတုန်းကတော့ သူက ကုန်းထလာဖို့ မွေ့ရာကို တွန်းဖယ်လိုက်သလားလို့တောင် တွေးမိတာ။ သူက အသက်ရှင်နေသလို၊ အသက်ရှူနေသလိုမျိုး။ အဲဒီလိုကို ထင်မိတာ။ ဒါပေမဲ့ သွေးပျက်သွားတဲ့ ကျုပ်ရဲ့ စိတ်ထဲကို ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားနိုင်တဲ့ ဆင်ခြင်ဉာဏ်က ပြန်ဝင်လာတဲ့အခါကျမှ ဘာဖြစ်နေတာလဲဆိုတာ ကျုပ် သေချာမြင်တော့တယ်။ ဘာလို့ဆိုတော့ သူ့ရဲ့ မေးရိုးက လှုပ်ပြီး တစ်ခုခုပြောဖို့ အားယူကြိုးစားနေသလိုမျိုးကိုး။ တကယ်တမ်း သူ့ပါးစပ်ကနေ ထွက်လာတာက စကားသံမဟုတ်ဘဲ သူ့ရဲ့လျှာကို အားရပါးရ ကိုက်ဖြတ်စားသောက်နေတဲ့ မြေကြွက်ကြီးတစ်ကောင်။ အမြီးကနေ စထွက်လာတာ။ ပြီးတော့ အဲဒီကြွက်က တိုးထွက်လာတာနဲ့အမျှ ပါးစပ်ကြီးက ပိုကျယ်သထက် ကျယ်လာတော့တာ။ အဲဒီကောင်ရဲ့ နောက်ခြေက ခြေသည်းတွေက သူ့ရဲ့ မေးရိုးကို တွယ်ဖက်ပြီး ရိက္ခာယူနေသေး။

ပြီးတော့ ကြွက်က သူ့ပေါင်ပေါ်ကို ခုန်ချသွားတယ်။ အဲဒီအချိန်မှာပဲ ဝတ်စုံအောက်ကနေ တခြားဆွေမျိုးပေါက်ဖော် ကြွက်တွေကလည်း ထွက်လာကြတော့တယ်။ တစ်ကောင်ကဆို သူ့ရဲ့ နှုတ်ခမ်းမွေးမှာ ဘာမှန်းမသိတဲ့ ဖြူဖြူတွေတောင် ကပ်လို့။ ကျုပ်က သူတို့ဘေးကို သေတ္တာကို ပစ်ချလိုက်တယ်။ ကျုပ်အဲဒီမြင်ကွင်းကို မမြင်ယောင်မိအောင် ဘယ်လိုပဲ ကြိုးစားကြိုးစား ဖျောက်ဖျက်ပစ်လို့

mgyoe.com SAMPLE BOOK


မရဘူးဖြစ်နေတာဗျ။ သေတ္တာက သူ့ရဲ့ ခြေထောက်တွေပေါ် တည့်တည့်ကျသွားတယ်။ ကြွက်တွေ အားလုံးနီးပါး ရှုံသွားကြရော။ ပြီးတော့ မွေ့ရာနဲ့ ကွယ်နေတဲ့ အပေါက်ထဲကို တိုးဝင်ပြီး ပျောက်သွားလိုက်တာများ အမြီးတောင် မမြင်ရတော့အောင်ပဲ။ (မွေ့ရာကလည်း သူတို့အားနဲ့ ဝိုင်းတွန်းထားလို့ နေရာရွှေ့သွားတာနေမှာ) အဲဒီအပေါက် ဘယ်ကလာသလဲ ကျုပ်က ကောင်းကောင်း သိတာပေါ့ဗျာ။ အဲဒီအပေါက်က နွားတင်းကုပ်ထဲမှာ ရေလျှံရင် လွှဲတဲ့ ရေလွှဲမြောင်းပဲ။ ခုနောက်ပိုင်း ရေသိပ်မလျှံတော့လို့ မသုံးဖြစ်တော့တာ။

သူ့ရဲ့ အဝတ်အစားတွေက တွန့်လိပ်တက်နေရော။ အခုကျတော့ အသက်မရှုတော့ဘူး။ ဒါပေမဲ့ သူက ကျုပ်ကို မော့ကြည့်နေတုန်း။ မျက်နှာပေါ်က အပြုံးက လူပြက်တစ်ယောက်ရဲ့ စပ်ဖြဲဖြဲ အပြုံးဆိုတာထက် နတ်မိစ္ဆာတစ်ယောက်က သူ့သားကောင်ကို ဖမ်းစားခါနီး ပြုံးပြတဲ့ အပြုံးလိုမျိုး အေးစက်စက်ကြီး။ ပါးပေါ်မှာ ကြွက်ကိုက်ထားတဲ့အရာတွေကိုတောင် ကျုပ်မြင်နေရတယ်။ သူ့ရဲ့ နားသီးတစ်ဖက်လည်း မရှိတော့ဘူး။

"ဘုရားသခင်. . . အာတီလက်ရယ် ကျုပ်တောင်းပန်ပါတယ်ကွာ"

ကျုပ်က အသံထွက် ပြောလိုက်မိတယ်။

ရှင်တောင်းပန်တာကို ကျွန်မ လက်မခံဘူး။ သူမအကြည့်က အဲဒီလိုမျိုး ပြောနေတဲ့ပုံစံ ပေါက်နေရော။ လူတွေ ကျွန်မ မျက်နှာကို ကြွက်ကိုက်ခံထားရတာ၊ အတွင်းခံဘောင်းဘီကို ကြွက်တွေ ဆွဲသွားလို့ မရှိတော့တဲ့ ပုံစံမျိုးနဲ့ ပြန်တွေ့တဲ့တစ်နေ့ကျရင် ရှင်လည်း မိုးကြိုးအတောင့်လိုက် ပစ်ခံရပါစေ။ ကျွန်မ မျက်နှာက ရှင်နောက်ဆုံးတွေ့ရတဲ့ မျက်နှာ ဖြစ်စေရမယ်။ မိုးကြိုးသွားက ရှင့်အသည်းကို ကင်ပြီး နှလုံးသားကို မီးမြှိုက်နေတဲ့ အခါကျရင် ကျွန်မက ပြုံးပြုံးကြီး ကြည့်နေဦးမယ်။

ကျုပ်က အဖုံးကို ပြန်ချပြီးတာနဲ့ တင်းကုပ်ဘေးကို ယိုင်ကျသွားတော့တာပဲ။ ကျုပ်ခြေထောက်တွေက ကျုပ်ကို သစ္စာဖောက်ကြပြီလေ။ နေပူထဲမှာသာဆိုလို့ကတော့ ကျုပ်လည်း ညတုန်းက ဟင်နရီဖြစ်သလိုမျိုး သတိလစ်သွားမလားပဲ။ ဒါပေမဲ့ ကျုပ်က အရိပ်ထဲမှာဖြစ်နေတော့ ငါးမိနစ်လောက် ဆက်ထိုင်နေရင်းနဲ့ပဲ ကျုပ်ရဲ့ခေါင်းကို ဒူးခေါင်းပေါ် မှေးတင်ထားလိုက်တော့ နည်းနည်း ပြန်ကောင်းလာတယ်။ ကြွက်တွေက သူ့ဆီကို ရောက်သွားပြီ။ ပြီးတော့ရော။ ကျုပ်တို့အားလုံးဆီကိုလည်း အဆုံးသတ်တဲ့ တစ်နေ့အဲဒီလိုပဲ သူတို့တွေက ရောက်လာကြမှာမဲ့ မဟုတ်ဘူးလား။ ကြွက်တွေနဲ့ ပိုးကောင်တွေပေါ့။ အကောင်းဆုံး အခေါင်းဆိုတာ

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ပျက်ဆီးပြီး သက်မဲ့ကို သက်ရှိက စားသုံးဖို့ ခွင့်ပေးရမှာပဲ မဟုတ်ဘူးလား။ ဒါကမ္ဘာကြီးရဲ့ နိယာမပဲ။ ဘာတွေ သွေးပျက်နေတာလဲ။ နှလုံးခုန်တာ ရပ်သွားပြီး ဦးနှောက်က အလုပ်မလုပ်တော့ရင် ဝိညာဉ်ဆိုတာလည်း တစ်နေရာရာကို ထွက်သွားမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့အသားတွေကို တိရစ္ဆာန်တွေ ကိုက်ဖြတ်စားသောက်လို့ နာကျင်တာတွေကို သိမှာမှ မဟုတ်တော့ပဲ။

ကျုပ်က အိမ်ဆီကို လေးလံတဲ့ ခြေလှမ်းတွေနဲ့ ပြန်လာရင်း ဆင်ဝင်ရှေ့က လှေကားထစ်နားကို ရောက်လာတော့ အတွေးတစ်ခုက ခေါင်းထဲ ဝင်လာပြန်တယ်။ ဒါဆို ဆတ်ခနဲ လှုပ်တာကြီးကရော။ ကျုပ်က သူ့ကို ရေတွင်းထဲ ပစ်ချလိုက်တဲ့အချိန်အထိ အသက်ရှင်နေသေးတယ် ဆိုရင်ကော။ တကယ်လို့ သူက အသက်ရှင်နေပေမယ့် လုံးဝလှုပ်လို့ မရလို့ ကြွက်တွေက ပိုက်လုံးထဲကနေ ထွက်လာပြီး သူ့ရဲ့ မားဒဏ်ရာ ဗရပွနဲ့ လက်ကို လာကိုက်နေတာကို ငြိမ်ခံနေရရင်းက သေသွားရတယ် ဆိုရင်ကော။ တကယ်လို့ သူ့ရဲ့ ဟောင်းလောင်းပွင့်နေတဲ့ ပါးစပ်ထဲကို အကောင်တစ်ကောင်ကောင် ဝင်နေတာကို သိနေခဲ့မယ် ဆိုရင်. . . ။

"မဖြစ်နိုင်ဘူး" ကျုပ်က တိုးတိုးလေး ပြောလိုက်တယ်။

"သူ မသိနိုင်ဘူး။ ဘာလို့လဲဆိုတော့ လှုပ်မှ မလှုပ်တော့တာ။ ဘယ်တုန်းကမှလည်း မလှုပ်ခဲ့ဘူး။ ငါပစ်ချလိုက်တဲ့အချိန် သူက သေနေပြီ"

"အဖေ"

ဟင်နရီက အိပ်ချင်မူးတူး အသံနဲ့ လှမ်းခေါ်တယ်။

"အဖေလား"

"အေး"

"အဖေ ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဘယ်သူမှ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ပြောနေတာ"

ကျုပ်က အိမ်ထဲ ဝင်သွားလိုက်တယ်။ သူက မီးဖိုချောင်က စားပွဲမှာ အတွင်းခံဘောင်းဘီတိုလေးနဲ့ ထိုင်နေတယ်။ သူ့ကြည့်ရတာ အိပ်ချင်မူးတူး ဖြစ်ရုံတင် မဟုတ်ဘူး။ စိတ်ညစ်နေတဲ့ပုံပဲ။ သူ့ဆံပင် ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ပုံကို မြင်တော့ သူ့ခွေးကြီးနဲ့ (သေသွားတာတော့ ကြာပါပြီ) ကြက်တွေကို ရယ်မောရင်း လိုက်မောင်းနေတဲ့ သူ့ပုံကို ကျုပ်သွားသတိရတယ်။

"ကျုပ်တို့ မလုပ်ခဲ့သင့်ဘူး"

သူက ကျုပ်သူ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တုန်း ပြောလိုက်တယ်။

mgyoe.com

"လုပ်တာက လုပ်ပြီးသွားပြီ။ ပြန်ပြင်လို့လည်း မရတော့ဘူး"

ကျုပ်က ပြောလိုက်တယ်။

"မင်းကိုငါ ဘယ်နှခါ ပြောရမလဲ"

"အကြိမ် တစ်ထောင်၊ အကြိမ် တစ်သောင်း ပြောဗျာ"

သူ့ခေါင်းကို ငုံ့ထားတာ တော်တော်ကြာတယ်။ ပြန်မော့ကြည့်တော့ သူ့မျက်လုံးတွေက ရဲလို့။

"ကျုပ်တို့ အဖမ်းခံရမှာလား။ ကျုပ်တို့ ထောင်ကျမှာလား အဖေ"

"မကျပါဘူးကွ။ အဖေ့မှာ အကြံရှိပါတယ်"

"အဖေ့မှာ အကြံရှိတယ်။ မနာစေရဘူးဆို။ ခုဘာဖြစ်သွားလဲ ကြည့်ဦး"

ကျုပ်သူ့ကို ပစ်ရိုက်လိုက်ချင်တာမှ လက်ကို ယားနေတာပဲ။ တော်တော်ထိန်းထားရတယ်။ ခုချိန်က စကားများ ရန်ဖြစ်နေရမယ့်အချိန် မဟုတ်သေးဘူး။ ပြီးတော့ သူပြောတာလည်း မှန်နေတာပဲ။ အားလုံး တလွဲတချော်တွေ ဖြစ်ကုန်တာ ကျုပ်အပြစ်တွေ အများကြီးပါတယ်။ ကြွက်တွေက လွဲရင်ပေ့ါ။ အဲဒါတော့ ကျုပ်အပြစ် မဟုတ်ဘူး။ ကြွက်တွေကတော့ လာမှာပဲလေ။ တကယ်လို့ ကျုပ်သာ မကြံစည်ခဲ့ရင် သူက ခုလောက်ဆို မီးဖိုချောင်မှာ ဟင်းထမင်း ချက်နေမှာ။ ဒါမှ မဟုတ်လည်း လယ်ထဲမှာ စိုက်ရင်းပျိုးရင်း ကူလုပ်ပေးနေမှာပေ့ါ။ အသက်ရှင်နေရင် ပြောတာ။ ခုတော့ ရေတွင်းထဲမှာပဲ နေပေတော့လေ။

ကြွက်တွေ ခုလောက်ဆို ပြန်ရောက်နေရောပေ့ါ။ သူ့ကို ကိုက်ဖဲ့စားနေလောက်ပြီ။ သူတို့က စားကောင်းတဲ့ အပိုင်းတွေ အရင်စားနေမှာ။ အရသာအရှိဆုံး၊ အပျော့ဆုံး၊ အနူးညံ့ဆုံး အပိုင်းလေးတွေပေ့ါ။ ပြီးရင်တော့. . . ကျုပ်ရဲ့ ကိုယ်တွင်းက အသံသြသြကြီး တစ်ခုက ပြောနေတယ်။

ဟင်နရီက ကိုယ်ကို ကိုင်းလိုက်ပြီး လက်သီးဆုပ်ထားတဲ့ ကျုပ်လက်ကို လှမ်းကိုင်လိုက်တယ်။ ကျုပ်ကလည်း ပြန်ကိုင်လိုက်တယ်။

"ကျုပ် စိတ်မကောင်းပါဘူးဗျာ"

သူက စပြောတယ်။

"ကျုပ်လည်း ဒီထဲမှာ ကြံရာပါပဲ"

ကျုပ်က သူ့ကို အဲဒါတွေကြောင့် ချစ်တာ။

"အားလုံး အဆင်ပြေသွားမှာပါ ဟန့်ခ်ရယ်။ အဖေတို့ သိုသိုသိပ်သိပ်နေရင် ဘာမှမဖြစ်ဘူး။ ဟုတ်ပြီလား။ ဒီမယ် နားထောင်စမ်း"

mgyoe.com

mgyoe.com
SAMPLE BOOK


သူက နားထောင်နေတယ်။ တချို့နေရာရောက်တော့ သူက ခေါင်း တညိတ်ညိတ်။ ကျုပ်ပြောလို့ ပြီးသွားတော့ သူက ကျုပ်ကို မေးခွန်းတစ်ခုပဲ ပြန်မေး တယ်။

"ကျုပ်တို့ ဘယ်အချိန် ရေတွင်းကို မြေဖို့မှာလဲ" တဲ့။

"မလုပ်သေးဘူးကွ"

"အန္တရာယ်များလို့လား"

"အေး"

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ရက်ကြာတော့ ကျုပ်က ခြံစည်းရိုးကို ပြင်နေတုန်း အိုမဟာနဲ့ လင်ကွန်းကို ဆက်ထားတဲ့ မြို့ချင်းဆက်လမ်းမကြီးကနေ ကျုပ်တို့ခြံဘက်ကို တလိမ့်လိမ့်နဲ့ လာနေတဲ့ ဖုန်လုံးကြီးတစ်ခုကို မိုင်ဝက်လောက် အကွာမှာ လှမ်းတွေ့လိုက်ရတယ်။ အာတီလက်တစ်ယောက် သိပ်လိုချင်ခဲ့တဲ့ မြို့ပြယဉ်ကျေးမှုရဲ မိတ်ဆွေတစ်ယောက် ကျုပ်တို့ဆီကို အလည်လာတာပေါ့ဗျာ။ ကျုပ်က ခါးမှာ ပတ်ထားတဲ့ လက်သမား ခါးပတ်ထဲကို တူကို ထိုးထည့်ရင်း အိမ်ဘက်ကို ပြန်လျှောက်လာလိုက်တယ်။ ဟင်နရီကတော့ အနားမှာ မရှိဘူး။ စမ်းချောင်းဘက်ကို ရေချိုးဖို့ ထွက်သွားလေသလားတော့ မသိဘူးဗျ။ ဒါမှမဟုတ်လည်း သူ့အခန်းထဲမှာများ အိပ်နေသလားပဲ။

ကျုပ်က အဝင်လမ်းမနားက သစ်တုံးတွေ ခုတ်တဲ့ သစ်ငုတ်တိုပေါ်မှာ ထိုင်ချလိုက်တဲ့ အချိန်မှာပဲ နောက်တွဲလှည်းကို ဆွဲလာတဲ့ အဲဒီယာဉ်ကို လှမ်းမြင်လိုက်ရတယ်။ လားစ် အိုလ်စန်ရဲ့ အနီရောင် အချစ်ကလေးဆိုတဲ့ ပစ္စည်းပို့တဲ့ ကားပေါ့။ လားစ်က ဟမ်းမင်းဖို့မှာ ပန်းပဲလုပ်တယ်၊ ရွာမှာ နွားနို့ပို့တယ်။ ပြီးတော့လည်း မြီးမြီးမြက်မြက်ကလေးများရရင် ဟိုနားဒီနား ကားလည်း ဆွဲသေးတာ။ ခုလည်း သူတောင်းတဲ့ဈေးနဲ့ ကိုက်လို့ ကားအငှားလိုက်လာတဲ့ပုံပဲ။ ကားက ခြံဝအထိ ဝင်လာတော့ ကျုပ်တို့ရဲ့ ကြက်ဖကြီးနဲ့ သူ့ရဲ့ ကြက်မတစ်အုပ်တောင် လန့်ပြေးကုန်ကြရော။ ကားရဲ့ စက်သံတဂျုန်းဂျုန်းက အတောမသတ်နိုင်သေးခင်မှာပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ခရီးသည်ထိုင်တဲ့ဘက်ခြမ်းက မီးခိုးရောင် ဝတ်စုံနဲ့လူတစ်ယောက် ကားပေါ်ကနေ ခုန်ဆင်းလာတယ်။ သူက မျက်နှာပေါ်က ရယ်စရာ မျက်မှန်ဝိုင်းလေးကို ချွတ်ရင်း လှမ်းမေးလိုက်တယ်။

"ဝီလ်ဖရက် ဂျိမ်းစ် ဆိုတာလားခင်ဗျာ"

"မှန်ပဗျာ"

ကျုပ်က မတ်တတ်ထရပ်လိုက်တယ်။ စိတ်ကတော့ အတော်လေး တည်ငြိမ်နေပါပြီ။ တကယ်လို့ သူက ရင်ဘတ်မှာ ရဲတံဆိပ်ထိုးထားတဲ့ သူဆိုရင်တော့ တမျိုးပေါ့။

"ခင်ဗျားက. . ."

"အင်ဒရူး လက်စတာ ပါတဲ့။ ရှေ့နေပါ"

သူက လက်ကမ်းပေးတော့ ကျုပ်က ဆွဲကိုင်နှုတ်ဆက်ဖို့အရေး အတော်စဉ်းစားရသေးတယ်။

"ကျုပ်တို့ လက်ဆွဲမနှုတ်ဆက်ခင် ကျုပ်ကို သေချာပြောစမ်းပါ မစ္စတာလက်စတာ။ ခင်ဗျားက ဘယ်သူ့ကို ကိုယ်စားပြုတဲ့ ရှေ့နေလဲဗျ"

"ကျွန်တော်က ခုတော့ ဖာရင်တန် မွေးမြူရေးနဲ့ သားငါးထုတ်လုပ်ရေး လုပ်ငန်းစုရဲ့ ချီကာဂို၊ အိုမဟာနဲ့ ဒက်စ်မွိုင်းမြို့တို့ကို ကိုယ်စားပြုတဲ့ ရှေ့နေပါ ခင်ဗျာ"

*ဟုတ်တာပေါ့။ ဒါကို ကျုပ်သံသယ မရှိပါဘူး။ ဒါပေမဲ့ ခင်ဗျားလိုလူက တံခါးပေါ်မှာ နာမည်တောင် ချိတ်ခွင့်ရှိမယ့်လူမျိုး ဟုတ်ပုံမရဘူး။ အိုမဟာက အကောင်ကြီးကြီးတွေက လမ်းပေါ်က ဖုန်တသောသောကို မရှူချင်လို့ သူတို့စားမယ့် ပေါင်မုန့်ဖိုးလေးလောက်ကိုပေးပြီး ခင်ဗျားလိုလူကို ဒီကို လွှတ်လိုက်တာ မဟုတ်လား။ အဲဒီကောင်တွေက ခြေထောက်တွေ စားပွဲပေါ်တင်ပြီး ကော်ဖီလေး အရသာခံ သောက်ရင်း အတွင်းရေးမှူးမလေးတွေရဲ့ ခြေသလုံးသား လှလှလေးတွေကို အရသာခံ ကြည့်နေကြမှာပေါ့လေ။* အဲဒီလိုတွေ ကျုပ်က တွေးနေမိတယ်။

"အဲဒီလို ဆိုရင်တော့ဖြင့် လက်ဆွဲနှုတ်ဆက်စရာ လိုမယ်တောင် မထင်တော့ပါဘူးဗျ။ စိတ်မရှိပါနဲ့ဗျာ"

သူကလည်း ရှေ့နေတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ လက်ပြန်ရုတ်သွားတာပေါ့။ သူ့ရဲ့ ဝပြပြ မျက်နှာပေါ်ကနေ စီးကျလာတဲ့ ချွေးစီးကြောင်းက မေးစေ့အထိ ကျနေလေရဲ့။ ဆံပင်တွေကလည်း ခေါင်းလိမ်းဆီအကျအန လိမ်းထားပေမယ့်

mgyoe.com

mgyoe.com

ကားပေါ်မှာ ထိုင်လာတုန်း လမ်းတစ်လျှောက် လေတိုက်ထားတာကြောင့် ပုံပျက်နေတယ်။ ကျုပ်က သူ့ကို ကျော်ပြီး လားစ်ဆီ လျှောက်သွားလိုက်တယ်။ သူက ကားစက်ဖုံး ဖွင့်ပြီး အအေးခံရင်း အင်ဂျင်ထဲကို တစ်ခုခု လောင်းထည့်နေတယ်။ သူ့ပုံကြည့်ရတာ မီးကြိုးပေါ်မှာ နားနေတဲ့ ငှက်တစ်ကောင်လိုပဲ ပျော်ရွှင်လို့ လေများတောင် ချွန်နေသေး။ ကျုပ် သူ့ကို အားကျမိပါရဲ့။ ကျုပ်တို့သားအဖလည်း တစ်ရက်တော့ ပျော်ပျော်ရွှင်ရွှင် နေခွင့်ရချင်မိပါသေးတယ်။ လူတိုင်းရဲ့အပျော်ဆိုတာကတော့ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူနေဘူးပေါ့လေ။ ဒါပေမဲ့ အဲဒီအပျော်ဆိုတာက လည်း ၁၉၂၂ နွေမှာလည်း မရောက်လာခဲ့သလို ဆောင်းမှာလည်း မရခဲ့ပါဘူးဗျာ။

ကျုပ်က လားစ်ကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး အခြေအနေကောင်းလားလို့ မေးလိုက်တယ်။

"အေးဆေးပါပဲ။ ဒါပေမဲ့ ခြောက်ကပ်ကပ်ပဲ။ ရေတစ်ခွက်လောက် သောက်လို့ရမလား" သူက ပြောတယ်။

ကျုပ်က အိမ်ရှေ့ခြမ်းကို ခေါင်းဆတ်ပြလိုက်တယ်။

"ဘာပစ္စည်း ဘယ်မှာထားလဲ ခင်ဗျားသိနေတာပဲဟာ"

"သိတာပေါ့"

သူက ကားစက်ဖုံးကို စောင့်ပိတ်ချလိုက်ပြန်တယ်။ ခုနက လန့်ပြေးသွားတဲ့ ကြက်တွေ ပြန်ရောက်လာမယ်မှ မရှိသေးဘူး။ တစ်ခါပြန် ပြေးကြပြန်ရော။

"ထုံးစံအတိုင်း ချို မွှေး အေးလေးပေါ့"

"မှန်တာပေါ့ဗျာ"

ကျုပ်က အလိုက်အထိုက်ပြောရင်း တွေးလိုက်တယ်။ *ခင်ဗျားသာ ရေတွင်းပျက်ထဲကိုသွားတဲ့ ရေထုတ်မြောင်းရဲ့ ဟိုဘက်မှာ ဘာရှိလဲဆိုတာ သိသွားရင် အရသာတောင် ခံနိုင်မှာ မဟုတ်ဘူး။*

"ဖြည်းကြည့်စမ်းပါဦးဗျ"

သူက အိမ်ရဲ့ အရိပ်ထဲကို တဖြည်းဖြည်း လျှောက်ပြီး ရေတင်တဲ့ တုံကင်ကြီးရှိနေတဲ့ နေရာအထိ ဝင်သွားလေရဲ့။ မစ္စတာလက်စတာက သူလျှောက်သွားတာကို ကြည့်နေပြီးမှ ကျုပ်ဘက်ကို လှည့်လာတယ်။ သူက သူ့အပေါ်ဝတ်အကျီကို ကြယ်သီးတွေတောင် ဖြုတ်ထားပြီးပြီ။ အထဲက ဝတ်စုံကတော့ လင်ကွန်း၊ အိုမဟာ၊ ဒီလင်း ဒါမှမဟုတ် သူလာခဲ့တဲ့ နေရာရောက်ရင် ပင်မင်းအပ်ဖို့ လိုနေပြီ။

"ကျွန်တော်လည်း ရေတစ်ခွက်လောက် သောက်လို့ရမလား မစ္စတာ

mgyoe.com
SAMPLE BOOK

ဂျိမ်းစ်"

"ကျုပ်လည်း သောက်ချင်နေတာ။ နေပူပူမှာ ခြစည်းရိုးပြင်နေရတာ မလွယ်ဘူး"

ကျုပ်က သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တယ်။

"ဒါပေမဲ့ လားစ်ရဲ့ ထရပ်ကားပေါ်မှာ မိုင်နှစ်ဆယ်လောက် စီးလာရတာ လောက်တော့ မပူဘူးလို့ လောင်းရဲပါတယ်ဗျာ"

သူက သူ့ဘောင်းဘီ တင်ပါးကို ပုတ်ခါလိုက်ပြီး ရှေ့နေတွေရဲ့ မူပိုင် အပြုံးမျိုး ပြုံးလိုက်တယ်။ ဒီတစ်ခေါက် အပြုံးထဲမှာတော့ နောင်တ ရတာလိုလို ဝမ်းနည်းပူဆွေးနေတာလိုလို တစ်ခုခုကို ကျုပ်တွေ့လိုက်ရတယ်။ သူ့မျက်လုံးတွေက ကျီးကြည့်ကြောင်ကြည့် ဖြစ်နေတာကြောင့်လည်း ပါတာပေါ့။ နေပူပူမှာ မိုင်နှစ်ဆယ် လောက် ဒုက္ခခံ ကားစီးလာရုံနဲ့တော့ ကျုပ်က ဒီလူ့ကို အရောင်းအဝယ် လွယ်လွယ် လုပ်ပေးရမတဲ့လား။

"ကျုပ်ထိုင်ခဲ့တဲ့ ခရီးတွေထဲမှာတော့ ဘယ်ဟာနဲ့မှ မတူတဲ့ ခရီးတစ်ခု ပါပဲဗျာ"

ရေတိုင်ကင်ရဲ့ ဘေးမှာတော့ လက်ကိုင်တတ် ရေခွက်အရှည်တစ်လုံးကို ကြိုးနဲ့ တွဲထားတယ်။ လားစ်ကတော့ အားရပါးရ တိုင်ကင်ကနေ ရေတင်ပြီး သောက် ချနေလေရဲ့။ သူ့ရဲ့ လည်ဇလုတ်က တက်လိုက်ဆင်းလိုက်နဲ့။ ပါးစပ်ထောင့်ကနေ ရေတွေက လည်ပင်းတစ်လျှောက် စီးကျနေတယ်။ ပြီးတော့ ရေထပ်ငင်ပြီး လက် စတာကို ကမ်းပေးလိုက်တယ်။ လက်စတာက ယူရကောင်းနိုးနိုး စဉ်းစားနေတဲ့ပုံမျိုး။

"ကျွန်တော်တို့ အထဲဝင်ပြီး သောက်တာ ပိုကောင်းမယ်ထင်တယ်။ နည်းနည်းများ ပိုအေးမလားလို့"

"မှန်တာပေါ့။ ဒါပေမဲ့ ကျုပ်က ခင်ဗျားလက်ကိုသာ ဆွဲကိုင်နှုတ်ဆက်ချင် နှုတ်ဆက်လိုက်မယ်။ ခင်ဗျားကို အိမ်ထဲဖိတ်ဖို့တော့ ငြင်းရလိမ့်မယ်ဗျ"

လားစ်အိုလ်ဆင်ကတော့ အခြေအနေမကောင်းဘူးဆိုတာ ရိပ်မိလို့ သူ့ကားဆီပြန်ဖို့ တာဆူနေပြီ။ ဒါပေမဲ့ သူက လက်စတာကို ရေခွက်ကိုတော့ အရင် ကမ်းပေးလိုက်တယ်။ ကိုရွှေဇည့်သည်က လားစ်လို အားရပါးရ သောက်တာမျိုး မဟုတ်ဘဲ မသတီသလိုမျိုး နှုတ်ခမ်းဖျားလေးနဲ့ ထိတယ်ဆိုရုံလေး သောက်နေတာ။ ဒါပေမဲ့လည်း ကုန်အောင်တော့ သောက်သွားရှာပါတယ်။ ရှေ့နေတွေရဲ့ အထာပေါ့ လေ။ အိမ်အဝင်ဝ ခြင်စကာက ဗျန်းခနဲ ပွင့်သွားပြီး ဟင်နရီက ကြိုးသိုင်းဘောင်းဘီနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဖိနပ်မပါဘဲ အိမ်ထဲကနေ ထွက်လာတယ်။ သူက ကျုပ်တို့ကို တစ်ချက်ကြည့်ပြီး စိတ်မဝင်စားဟန်နဲ့ လှည့်ထွက်သွားတယ်။ ကောင်းတယ်။ ဒီကောင်ကလေး ဘယ်သွားတာပါလိမ့်လို့ ကြည့်လိုက်တော့ ကားကို ကလိနေတဲ့ လားစ်ဆီသွားပြီး ဘာများ တတ်လာမလဲလို့ သွားစပ်စုနေတာပေါ့။

ကျုပ်က အိမ်ဘေးမှာ ပုံထားတဲ့ မနေ့ကမှ ခုတ်ထားတဲ့ ထင်းပုံကြီး ပေါ် ထိုင်ချလိုက်တယ်။

"ခင်ဗျား ဒီကိုလာတာ ကိစ္စတစ်ခုခုတော့ ရှိပုံရတယ်။ ကျုပ်ဇနီးနဲ့ ပြောထားတာများလား"

"ဟုတ်ပါတယ် ခင်ဗျ"

"ကဲ. . . ခင်ဗျားလည်း သောက်စရာရှိတာ သောက်ပြီးပြီဆိုတော့ ကျုပ်တို့ အလုပ်ကိစ္စအကြောင်း ပြောကြတာပေါ့။ ကျုပ်မှာလည်း တစ်နေကုန် လုပ်စရာကိစ္စလေးတွေ ကျန်သေးတယ်။ ခုပဲ နေ့လယ် သုံးနာရီထိုးနေပြီ"

"မိုးလင်းမိုးချုပ်ပဲနော။ စိုက်ပျိုးရေးလုပ်တာ တကယ်ကို မလွယ်ဘူး"

သူက သက်ပြင်းချလိုက်ပြီး သိသလိုလိုနဲ့ ပြောနေတာ။

"ဟုတ်တယ်။ ပြောမရဆိုမရ ဇနီးရှိတဲ့အခါ ပိုဆိုးတာပေါ့။ သူက ခင်ဗျားကို လွှတ်လိုက်တာထင်တယ်။ ဒါပေမဲ့ ဘာလုပ်ဖို့လဲဆိုတာတော့ ကျုပ် မသိဘူး။ တကယ်လို့ စာရွက်စာတမ်းကိစ္စတွေဆိုရင်တော့ လက်ထောက်ရဲမှူးက ကျုပ်ဆီကို လာပေးလိမ့်မယ် ထင်တယ်ဗျ"

သူက ကျုပ်ကို အံ့သြတကြီးနဲ့ ကြည့်နေတယ်။

"ခင်ဗျား ဇနီးသည်က ကျွန်တော့်ကို လွှတ်လိုက်တာ မဟုတ်ဘူးခင်ဗျ။ တကယ်က ကျွန်တော် ဒီကိုလာတာ သူ့ကိုလာရှာတာပါ"

ဒါက ပြဇာတ် က,နေသလိုပါပဲ။ ဒီအကွက်ကျတော့ ကျုပ်က အံ့သြသွားချင်ယောင် ဆောင်လိုက်တယ်။ ပြီးတော့ တစ်ချက်ရယ်လိုက်တယ်။ ပြဇာတ်တွေမှာဆိုလဲ ဒီလိုပဲလေ။

"အဲဒါကိုက သက်သေပြနေတာပဲ"

"ဗျာ။ ဘာကို သက်သေပြနေတာလဲ"

"ကျုပ် ကလေးတုန်းက ဖောဒိုက်စ်မှာ နေတုန်းကပေါ့။ ဘေးအိမ်က ငပေငတေ အဘိုးကြီးတစ်ယောက်ရှိတယ်။ နာမည်က ဘရက်ဒလေတဲ့။ လူတိုင်းကတော့ သူ့ကို ဘိုးဘိုးကြီး ဘရက်ဒလေလို့ ခေါ်ကြတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

"မစ္စတာ ဂျိမ်းစ်"

"ကျုပ်အဖေက သူနဲ့ အမြဲတမ်းနီးပါး အလုပ်တွဲလုပ်ရတယ်။ တစ်ခါ တလေလည်း အဖေက ကျုပ်ကို ခေါ်သွားတာပေါ့။ ပိုက်ဆံတန်ဖိုးကြီးတဲ့အချိန်က ဆို ဒီလိုပဲ။ အဓိက အရောင်းအဝယ်လုပ်တာက ပြောင်းဆန်၊ အနည်းဆုံး နွေဦး ပေါက်မှာ လုပ်လေ့ရှိတယ်။ တစ်ခါတလေလည်း ပစ္စည်းချင်း လဲလှယ်ကြတာပေါ့။ အဲဒီတုန်းကတော့ အမှာစာ ဘာညာဆိုတာလည်း မရှိသေးဘူး။ အကောင်းဆုံးက တော့ နယ်တကာလှည့်ရောင်းပြီး ကုန်မှ အိမ်ပြန်တာပေါ့"

"မစ္စတာ ဂျိမ်းစ်၊ ခင်ဗျား ဘာပြောနေမှန်း. . ."

"ကျုပ်တို့ အဲဒီအဘိုးကြီးကို သွားတွေ့တဲ့ အကြိမ်တိုင်း ကျုပ်အမေက ပြောတယ်။ နားတွေကို ပိတ်ထားဖို့။ ဘာလို့လဲဆိုတော့ အဲဒီအဘိုးကြီးပါးစပ်က ထွက်လာသမျှတိုင်းက အယုတ္တ အနတ္တတွေ၊ ဆဲဆိုနေတာမို့လို့ပဲ"

စိတ်အချဉ်ပေါက်ပေါက်နဲ့ လျှောက်ပြောနေရင်းက ကျုပ်စိတ်ထဲ ကျေနပ်မိ သလိုလို ဖြစ်လာတယ်။

"သိတဲ့အတိုင်းပဲ။ လူဆိုတာမျိုးက မလုပ်နဲ့ဆို ပိုလုပ်ချင်တာလေ။ ကျုပ် ကလည်း ခိုးနားထောင်တာပဲ။ ကျုပ် အဲဒီအဘိုးကြီး အမြဲတမ်း ပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို ခုထိ မှတ်မိနေသေးတယ်။ မြင်းပါးချပ်ကြိုး မပါတဲ့ မြင်းကို ဘယ်တော့မှ တက်မစီးနဲ့တဲ့။ ဘာလို့လဲဆိုတော့ အဲဒီ စောက်ကမြင်းမက ဘယ်ကို ပြေးမယ်မှန်း မသိလို့တဲ့ဗျ"

"ကျွန်တော် အဲဒါကို နားလည်ဖို့ လိုလို့လားခင်ဗျ"

"ကျုပ်ဆီက စောက်ကမြင်းမ ဘယ်ကို ထွက်ပြေးသွားလဲ ခင်ဗျား သိသလား မစ္စတာ လက်စတာ"

""ခင်ဗျားပြောနေတာ ခင်ဗျား ဇနီးက. . ."

"ထွက်ပြေးသွားတာ မစ္စတာ လက်စတာ။ လင်ငယ်နောက် လိုက်သွားတာ လား ဘာလားပဲ။ မပြောမဆိုဘဲနဲ့ ထွက်သွားတာ။ ညသန်းခေါင်ကြီး ထလစ်သွား တာ။ ဘန်းစကားတွေနဲ့ စာအုပ်တွေ မပြတ်တန်း ဖတ်နေတဲ့ ကျုပ်အတွက်ကတော့ ဒီစကားလုံးတွေက အဆန်းမဟုတ်တော့ဘူး။ လားစ်ဆိုတဲ့ ငနဲကတော့ မြို့ပေါ်က တခြားကောင်တွေလိုပဲ သူ့မိန်းမကို ထားပြီး လစ်ပြေးသွားတာပေါ့လို့ သိတာနဲ့ လျှောက်ဖွမှာ အသေအချာပဲ။ သူကပဲ ပြောမလား. . . ကျုပ်သားကပဲ ပြောမလား ပေါ့။ ကျုပ်ကတော့ သူအရမ်းအားကိုးတဲ့ ဖာရင်တန်ကုမ္ပဏီက ကောင်တွေဆီပဲ

mgyoe.com

ပြေးမလားလို့ ထင်နေတာပဲ။ နောက်ဆုံး ပြောသွားတာက သူ့အဖေပိုင်တဲ့ ဧက ၁၀၀ ကျော်ကို ရောင်းမယ်ဆိုလားလို့"

"အမှန်ပါပဲ။ သူရောင်းဖို့ ဆိုင်ထားပါတယ်"

"သူ လက်မှတ်ထိုးပြီးပြီလား။ တကယ်လို့ ထိုးပြီးသွားပြီဆိုရင်တော့ ကျုပ်ကလည်း ဥပဒေကြောင်းအရ သွားဖို့ စဉ်းစားထားလို့ပါ"

"ကျွန်တော်သိသလောက်တော့ ခုထိ လက်မှတ် မထိုးရသေးဘူးခင်ဗျ။ ဒါပေမဲ့ သူသာလက်မှတ်ထိုးပြီးခဲ့ရင်တော့ ခင်ဗျား တရားစရိတ် ရှုံးမှာ သေချာတယ်လို့ ကျွန်တော် စေတနာနဲ့ သတိပေးပါရစေ"

ကျုပ်က မတ်တတ် ထရပ်လိုက်တယ်။ ကြိုးသိုင်းဘောင်းဘီက ကြိုးစတစ်ဖက်က ပခုံးပေါ်ကနေ ပြုတ်ကျနေတာကို ကျုပ်က လက်မနဲ့ ကောက်တပ်လိုက်တယ်။

"ကဲ. . . သူကလည်း ဒီမှာ မရှိဘူး ဆိုတော့က ခင်ဗျားတို့ ဥပဒေသမားတွေရဲ့ အခေါ်အဝေါ်အရဆိုရင် အခြေအတင် ဖြစ်တယ်ဆိုတာမျိုး မဖြစ်ချင်ဘူး။ ခင်ဗျားလည်း ဒီအတိုင်းပဲ ဟုတ်တယ် မဟုတ်လား။ ကျုပ်သာ ခင်ဗျားနေရာမှာဆိုရင် သူ့ကို အိုမဟာမြို့မှာ လိုက်ရှာမိမှာဗျ"

ကျုပ်က ပြုံးရင်း ပြောလိုက်တယ်။

"ဒါမှမဟုတ်လည်း စိန့်လူဝီပေါ့။ သူကတော့ စိန့်လူးလို့ အမြဲပြောပြောနေတတ်တာပဲ။ ကြားရသလောက်တော့ သူက ကျုပ်နဲ့ရတဲ့ သူ့ဝမ်းနဲ့ လွယ်ပြီး မွေးထားတဲ့ သားအရင်းအပေါ်မှာတောင် စိတ်ကုန်သွားသလိုမျိုး ခင်ဗျားတို့ကိုလည်း စိတ်ကုန်သွားတယ် ထင်ပါရဲ့။ မိန်းမဆိုတာမျိုးက မရှိမကောင်း ရှိမကောင်း ဆိုသကိုးဗျ။ *မင်းတို့ အိမ်တော်နှစ်ခုလုံး ကူးစက်ရောဂါတွေ နာဖျားမှုတွေ ကျရောက်ပါစေ။* ဒါ ရှိတ်စပီးယား စကားနော်။ ရိုမီယိုနဲ့ ဂျူးလီယက်တို့ အချစ်ဇာတ်လမ်းလေးထဲက စကားပြောတစ်ခွန်းပေါ့"

"ခင်ဗျား ကျုပ်ကို ဒီလို စော်ကားတဲ့အတွက် တောင်းပန်ရစေမယ် မစ္စတာဂျိမ်းစ်။ ကျုပ်စိတ်ထဲ လုံးဝ ဘဝင်မကျဘူးဗျ"

သူက အတွင်းအိတ်ထဲက ပိုးလက်ကိုင်ပဝါကို ထုတ်ပြီး မျက်နှာကို ပွတ်သုတ်လိုက်တယ်။ သူ့လို ခရီးသွားနေရတဲ့ ရှေ့နေတစ်ယောက်အဖို့ ကုတ်အင်္ကျီမှာ အိတ်ကပ်တွေ အများကြီး ပါနေမှာပဲလို့ ကျုပ်တွေးနေမိတယ်။ သူ့မျက်နှာက အဆီတွေ ကင်းသွားပြီး နီတွတ်တွတ် ဖြစ်ကျန်ရစ်တယ်။ ဒါက အပူဒဏ်ကြောင့် မျက်နှာ

mgyoe.com

နိနေတာတော့ မဟုတ်တန်ဘူး။

"သိပ်ထူးဆန်းတာပဲ။ ကျုပ်တို့ဖက်က ဒီမြေအတွက်ပေးမယ့် ပမာဏကို ပြန်စဉ်းစားကြည့်စမ်းပါဦးဗျ။ ဟမ်းမင်းဖို့တ် ချောင်းကလေးထဲကို ရေဆိုးတွေ ထုတ်ပစ်နေမယ့်အစား ဂရိတ်ဝက်စတန် မီးရထားလိုင်းကြီးနဲ့ နီးနီးနားနားမှာ ဘယ်လောက် ကောင်းသွားမလဲ"

"ကျုပ်ဒီကိစ္စအတွက် ထည့်စဉ်းစားထားပါတယ်။ ဒါပေမဲ့ ခင်ဗျားအတွက် အကျိုးရှိမယ့် ကိစ္စတစ်ခုရှိနေတယ်"

"တကယ်လား"

"ကျုပ် သူ့အကြောင်း ကောင်းကောင်းသိတယ်။ ခင်ဗျားတို့ဘက်ကလည်း သူ့ကို ကောင်းကောင်း ချည်ထားနိုင်ပြီလို့ ထင်နေတာ မဟုတ်လား။ ဒါပေမဲ့ အာတီလက် ဂျိမ်းစ်က. . . သူ့ကို တစ်ခုခုနဲ့ ချည်မယ်ဆိုရင်တောင် ဂျယ်လီလိုမျိုး လျှောထွက်သွားမယ့် မိန်းမစားမျိုးဗျ။ ကျုပ်တို့ ဘိုးဘိုး ဘရက်ဒလေရဲ့ စကားကို သတိရသင့်တယ် မစ္စတာလက်စတာ။ ဘာလို့လဲဆိုတော့ ယောက်ျားဆိုတာမျိုးက လည်မလိုလိုနဲ့ တော်တော် အ,တတ်တာမျိုးကိုးဗျ"

"ကျွန်တော် အိမ်ထဲ ဝင်ကြည့်လို့ရမလား"

ကျုပ်က ရယ်လိုက်မိပြန်တယ်။ ဒီတစ်ခေါက်ကတော့ လုပ်ရယ် ရယ်တာ မဟုတ်ဘူးဗျ။ ဒီလူ့ကို ကြည့်ရတာ အောင့်သက်သက် ဖြစ်နေပုံရတယ်။ ဒီလောက် အဝေးကြီး လာခဲ့ပြီးမှ အလုပ်မဖြစ်ဘဲ လက်ဗလာနဲ့ ပြန်ချင်ပုံမရဘူး။ သူက တံခါးမ ရှိတဲ့ ကားစုတ်ကြီးကို မိုင်နှစ်ဆယ်တောင် စီးလာခဲ့ရပြီးပြီလေ။ ဒီကနေ ဟမ်းမင်း ဖို့တ်ကို ပြန်ဖို့ နောက်ထပ် မိုင်နှစ်ဆယ် ပြန်စီးသွားရဦးမှာ။ (အဲဒါပြီးရင် ရထား စီးရဦးမယ်ဆိုတာ မေးနေစရာတောင် မလိုဘူး) ဖင်တွေလည်း နာနေမှာပဲ။ ပြီးတော့ သူ့ကို ဒီကို လွှတ်လိုက်တဲ့ လူတွေကလည်း ဘာမှ မဖြစ်မြောက်ဘူးဆိုတဲ့ အကြောင်း ကို အစီရင်ခံစာမှာ ဖတ်ရတာကို ကျေနပ်မှာ မဟုတ်ဘူးလေ။ သနားစရာ သတ္တဝါ ပါလား။

"ဒါဆို ကျုပ်ကလည်း တစ်ခုလောက် မေးပါရစေ။ ကျုပ်ခင်ဗျားရဲ့ ယဉ တွေကို ကြည့်မလို့ ဘောင်းဘီချွတ်ပြပါလား"

"စော်ကားလှချည်လားဗျ"

"ကျုပ်ခင်ဗျားကို အပြစ်မတင်ပါဘူး။ ဒါကို စော်ကားတယ်လို့ မတွေးဘဲ ခင်ဗျားမေးတဲ့ မေးခွန်းကို အလားတူ မေးခွန်းနဲ့ တုံ့ပြန်တယ်ပဲ သဘောထား

mgyoe.com

mgyoe.com

လိုက်ပါလား"

"ခင်ဗျားကို ကျွန်တော် နားမလည်နိုင်ဘူးဗျ"

"ကဲ ခင်ဗျား လာလမ်းအတိုင်း ပြန်သွားဖို့ဆိုရင် တစ်နာရီ. . . လားစ်ရဲ့ ကားအိုကြီးက ဘီးတွေ လမ်းမှာ ပေါက်မနေဘူးဆိုရင်ပေါ့။ ဒါမှမဟုတ် နှစ်နာရီလည်း ဖြစ်သွားနိုင်တာပဲ။ ဒီတော့ ကျုပ်ခင်ဗျားကို ဖျောင်းဖျပါရစေ မစ္စတာ လက်စတာ။ ကျုပ်က ကျုပ်ရဲ့ အိမ်၊ ကျုပ်ရဲ့ ကိုယ်ပိုင်နေရာ၊ ကျုပ်ရဲ့ နန်းတော်၊ ကျုပ်ရဲ့ အသိုက် ဖြစ်တဲ့ နေရာကို ခင်ဗျားကို ပေးဝင်ကြည့်လို့လဲ ခင်ဗျားက ကျုပ်မိန်းမ အလောင်းကို ဘီရိုထဲမှာ တွေ့ရလိမ့်မယ် မထင်နဲ့"

ရေတွင်းထဲမှာရောလို့ မပြောမိအောင် ထိန်းလိုက်ရတဲ့ အခိုက်အတန့်က ကြောက်စရာ ကောင်းလိုက်တာဆိုတာ ဘာနဲ့မှ မတူဘူး။ ကျုပ်က နဖူးပေါ်ကနေ ချွေးတွေ စီးကျလာတာကို ခံစားလို့ရနေတယ်။ ခုတင်အောက်ထဲမှာ။

"ကျုပ်က အဲဒီလို တစ်ခွန်းမှ. . . "

"ဟင်နရီရေ. . . " ကျုပ်က အော်ခေါ်လိုက်တယ်။

"ဒီကို ခဏလာပါဦးကွ"

ဟင်နရီက ခေါင်းငိုက်စိုက်ချ ခြေဒရွတ်ဆွဲပြီး မလာချင့်လာချင်နဲ့ လမ်းလျှောက်လာတယ်။ သူက စိတ်ပူနေတဲ့ပုံထက် အပြစ်ရှိနေတဲ့ ပုံစံ ပိုပေါက်နေတယ်။ ဒါပေမဲ့ အေးဆေးပါ။

"ဟုတ်ကဲ့ အဖေ"

"ဒီလူ့ကို ပြောလိုက်စမ်းပါကွာ၊ မင်းအမေ ဘယ်မှာဆိုတာ"

"ကျုပ် မသိဘူးဗျ။ အဖေ ကျုပ်ကို သောကြာနေ့က မနက်စာစားဖို့ လာနှိုးတော့ အမေ မရှိတော့ဘူးဆို။ အထုပ်ဆွဲပြီး ဆင်းသွားပြီဗျ"

လက်စတာက သူ့ကို စိတ်ဝင်တစား သေချာစိုက်ကြည့်နေတယ်။

"သားလေး ဒါအမှန်ပဲလား"

"ဟုတ်ကဲ့ဗျ"

"အမှန်တရားပဲ. . . လုံးဝမလိမ်မညာဘူးနော်။ ဘုရားသခင်ကို တိုင်တည်ပြီးတော့ ပြောတာနော်"

"အဖေ. . . ကျုပ်အိမ်ထဲ ဝင်လို့ရပြီလား။ ကျုပ်နေမကောင်းတုန်းက ကျောင်းပျက်ထားတဲ့ စာတွေ ကူးစရာ ရှိသေးတယ်"

"ကဲသွား. . . သွား။ ဒါပေမဲ့ မြန်မြန်လုပ်နော်။ ဒီနေ့ နို့ညှစ်ရမှာ မင်း

mgyoe.com

mgyoe.com SAMPLE BOOK

အလှည့်။ မေ့မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ"

ဟင်နရီက လှေကားထစ်တွေကို ကျော်ခွပြီး တက်သွားတယ်။ လက်စတာက သူ့ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီး ကျုပ်ဘက် ပြန်လှည့်လာတယ်။

"မျက်လုံးချင်းဆုံဖို့ ဆိုတာထက် အများကြီး ကျန်နေသေးတယ်"

"ခင်ဗျားလက်မှာ လက်ထပ်လက်စွပ် မဝတ်ထားဘူးနော်၊ မစ္စတာ လက်စတာ။ ခင်ဗျား တစ်ခေါက်တစ်ခါလောက်သာ လက်ထဲမှာ အဲဒီလို လက်ထပ်လက်စွပ်ကို ဝတ်ထားဖူးရင် မိသားစုဆိုတာ ဘာလဲလို့ ခင်ဗျား သဘောပေါက်သွားလိမ့်မယ်။ ပြီးတော့ တခြားအရာတွေ အများကြီးကိုလည်း ခင်ဗျား သိသွားလိမ့်မယ်။ စောက်ကောင်မတွေ ဘယ်ဘက်ပြေးသွားသလဲဆိုတာပါ ခင်ဗျား သိလာလိမ့်မယ်"

သူက မတ်တတ်ထရပ်လိုက်တယ်။

"ဒီကိစ္စက မပြီးသေးဘူး"

"ပြီးပါပြီ"

ကျုပ်က ပြောလိုက်တယ်။ စိတ်ထဲမှာတော့ မပြီးသေးဘူး ဆိုတာ သိနေတယ်။ ဒါပေမဲ့ တကယ်လို့ အားလုံး နေသားတကျဖြစ်သွားခဲ့ရင် ကျုပ်တို့မှန်းထားတဲ့ အဆုံးသတ်ဆိုတာကို တဖြည်းဖြည်း နီးကပ်သွားလိမ့်မယ်။ အကယ်လို့များပေါ့။

သူက တံခါးဝဆီကို လျှောက်သွားတယ်၊ ပြီးတော့ ကျုပ်ဘက်ကို ပြန်လှည့်လာပြန်တယ်။ သူ့ရဲ့ ပိုးလက်ကိုင်ပဝါနဲ့ မျက်နှာကို ပွတ်ပြန်တယ်။

"အကယ်လို့ ဒီလယ်ဧက ၁၀၀ ကျော်က ခင်ဗျားဟာလို့ ယူဆလို့ ခင်ဗျားက သူ့ကို သူ့အဒေါ်တွေ ရှိတဲ့ ဒက်စမွိုင်းကိုပဲဖြစ်ဖြစ်၊ သူ့ညီအမတွေ ရှိတဲ့ မင်နီဆိုးတားကိုပဲ ဖြစ်ဖြစ် ခြိမ်းခြောက်ပြီး လွှတ်လိုက်တယ်ဆိုရင်တော့. . ."

"အိုမဟာပါ. . ." ကျုပ်က ပြုံးရင်း ပြောလိုက်တယ်။

"ဒါမှမဟုတ်. . . စိန့်လူးဝီပေါ့။ သူက သူ့အမျိုးတွေကို အားကိုးတာ မဟုတ်ဘူး။ ဒါပေမဲ့ စိန့်လူးဝီမှာတော့ အရှုးအမူးနေချင်နေတာ။ ဘာလို့လဲ ဆိုတာကတော့ ဘုရားမှပဲ သိမယ်"

"ခင်ဗျားက ဒီမှာ အသီးအနှံစိုက်ဖို့ စဉ်းစားနေတယ်ဆိုရင်တော့ နောက်တစ်ခေါက်လောက် သေချာစဉ်းစားပါ။ ဒီမြေက ခင်ဗျားအပိုင် မဟုတ်ဘူး။ ခင်ဗျားက ဆက်ပြီးတော့ ပျိုးကြဲပြီး စိုက်ပျိုးနေမယ်ဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ တရားရုံးမှာ တွေ့ကြတာပေါ့"

mgyoe.com